# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်၊ စနေနေ့။ Saturday, 1 May 2021 ၁၀၃၆၀


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား–**

ယနေ့ အလုပ်သမားနေ့အခါသမယတွင် မြန်မာနိုင်ငံရှိ အလုပ်သမားထုကြီး တစ်ရပ်လုံးနှင့် ပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားထုကြီးအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများအားလုံး၊ မိဘပြည်သူများအားလုံး ကောင်းကျိုးလိုရာဆန္ဒများပြည့်စုံကြပါစေ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်မေလ ၁ ရက်နေ့ကို အလုပ်သမားနေ့အဖြစ် အခမ်းအနားများ ကျင်းပလျက်ရှိသည့်နည်းတူ မိမိတို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော မြန်မာအလုပ်သမားကြီးများအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် ဤသဝဏ်လွှာကို ပေးပို့ခြင်းဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

**၂၀၂၁ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

ကြေးမုံ

# တိုင်းပြည်ဖျက်ဆီးမှုကိုလက်မခံ ဝိုင်းဝန်းဖယ်ရှား

တပ်မတော်က နိုင်ငံ့တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစတင်၍ နိုင်ငံရေးလှုပ်ရှားမှု၊ တိုင်းပြည်ဖျက်ဆီးမှုများကို အဆင့်လိုက် တစ်ဆင့်ချင်းပြုလုပ်လာသည်ကို မြင်တွေ့ရမည် ဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းသည် နိုင်ငံရေးအာဏာကို ရယူလိုသော အစွန်းရောက်နိုင်ငံရေးသမားတို့က ပြည်သူလူထုတို့အား သွေးထိုးလှုံ့ဆော်ပေးကာ မိမိတို့အာဏာမရသဖြင့် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းဖန်တီးသည့် လုပ်နည်းလုပ်ဟန်များဖြစ်သည်။

ရှေးယခင်က အာဏာလက်လွှတ်လိုက်ရသူ၊ အာဏာရယူလိုသူ အစွန်းရောက်နိုင်ငံရေးဝါဒပြင်းထန်သူများက မြေအောက်တော်လှန်ရေး၊ တောတွင်းတော်လှန်ရေးတို့ကို ၎င်းတို့ကိုယ်တိုင် စွန့်လွှတ်စွန့်စား လုပ်ကိုင်ခဲ့သော်လည်း ယနေ့ကာလ အစွန်းရောက်နိုင်ငံရေးသမားတို့သည် ၎င်းတို့ကိုယ်တိုင် အနာမခံဘဲ မြို့ပြကျေးလက် ပြည်သူများအား သွေးထိုးမြှောက်ပင့်ပေးပြီး နိုင်ငံရေးလှုပ်ရှားမှုများ အဆင့်ဆင့် ပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအလှည့်အပြောင်းကို အကြောင်းပြု၍ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့အထိ လူတန်းစားပေါင်းစုံပါဝင်သော ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှု (Peaceful Protest) ကို ပထမအဆင့် ပြုလုပ်ခဲ့ကြသည်။

ထို့နောက် NLD ထောက်ခံသူများ၊ နိုင်ငံရေးသမားများ၏ အသုံးချခံ လူငယ်များ၊ CDM ဝန်ထမ်းများ၊ အားပေးမြှောက်ပင့်သူများက NLD အာဏာပြန်လည်ရရေးအတွက် လူစုလူဝေးဖြင့် ဆူပူဆန္ဒပြမှု (Riot) ကို ဒုတိယအဆင့် ပြုလုပ်ခဲ့ကြပြီး အစိုးရယန္တရား ရပ်ဆိုင်းစေရေးအတွက် လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob) ကို တတိယအဆင့် လုပ်ဆောင်ခဲ့ကြသည်။ ထိုမှတစ်ဆင့်တက်၍ NLD အစွန်းရောက်များ၊ ကြေးစားလူဆိုးလူမိုက်များ၊ လူရမ်းကားများ၊ ဝရမ်းပြေးများက တရားဥပဒေအရ အရေးယူမခံရရေး၊ အစိုးရအုပ်ချုပ်မှုယန္တရား ပျက်စီးရေးအတွက် ရရာလက်နက်ဖြင့် တိုက်ခိုက်ခြင်း (Insurrection) ကို စတုတ္ထအဆင့် လုပ်ဆောင်ခဲ့ကြသည်။

ယခုအခါတွင် တရားမဝင်CRPH အဖွဲ့မှအစွန်းရောက်နိုင်ငံရေးသမားတို့၏ မြှောက်ပင့်ပေးမှုဖြင့် နိုင်ငံရေးအကြမ်းဖက်သမားများ၊ ကြေးစားလူဆိုးလူမိုက်များ၊ လူရမ်းကားများ၊ ဝရမ်းပြေးများက တိုင်းပြည်အလုံးစုံပျက်သုဉ်းရေးအတွက် အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) ကို ပြုလုပ်ကြရာတွင် အစွန်းရောက်အကြမ်းဖက်သမား အနည်းငယ်တို့က မြို့ပြများတွင် အလစ်အငိုက် ကွက်ကျား တိုက်ခိုက်နေကြသည်ကို တွေ့ရမည်ဖြစ်ပြီး ကျေးလက်ထိတိုင် သွေးထိုးလှုံ့ဆော်ပေးမှုများကြောင့် နိုင်ငံရေးကို သိနားလည်ခြင်းမရှိသော ပြည်သူအချို့က အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) ပုံစံ ပြုလုပ်လာကြသည်ကိုတွေ့ရမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများသည် ၎င်းတို့ကိုယ်တိုင် ပါဝင်လုပ်ဆောင်ခြင်းမရှိဘဲ ပြည်သူများအား သွေးထိုး ပေး၍အဖျက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

မတ်လ ၂၇ ရက်နေ့မှစ၍ ယနေ့အချိန်အခါအထိ အကြမ်းဖက်တိုက်ခိုက်သူ (Terrorist) တို့သည် NCA ကို ချိုးဖောက်သော တိုင်းရင်းသားလက်နက်ကိုင်အချို့၏အကူအညီကိုယူ၍ လက်လုပ်ဗုံး၊ ချိန်ကိုက်ဗုံး၊ လက်ပစ်ဗုံးနှင့် ရှော့တိုက်ဒုံးများကိုပင် အသုံးပြု၍ တပ်စခန်းများ၊ လုံခြုံရေးစခန်းတို့ကိုပါ တိုက်ခိုက်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဆူပူဆန္ဒပြသည့်အသွင်မှ ဗုံးခွဲတိုက်ခိုက်သည့် အစွန်းရောက်စစ်သွေးကြွများပုံစံ ပြုလုပ်လာကြသည်။ ဧပြီလဆန်းမှစတင်ကာ အုပ်ချုပ်ရေးရုံးများ၊ စာသင်ကျောင်းများ၊ မော်တော်ယာဉ်လိုင်းများ၊ စီးပွားရေးလုပ်ငန်းများကို မီးရှို့ဖျက်ဆီးခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာသည့်အပြင် ယခုအခါ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်အမျိုးမျိုးစွဲကိုင်၍ အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်သည်အထိ လက်ရဲဇက်ရဲ ပြုလုပ်လာကြသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးအောင် အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) အဆင့်အထိ ပြုလုပ်လာမှုများအား မည်သည့်အစိုးရမဆို ရှာဖွေရှင်းလင်းဖြိုခွင်းရမည်သာဖြစ်သည်။ ယင်းသို့ရှင်းလင်းဆောင်ရွက်ခြင်းသည် တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်၍ ပြည်သူတို့ကလည်း ပါဝင်ကူညီကြရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတွင် တိုင်းပြည်ကိုဖျက်ဆီးမည့် အကြမ်းဖက်တိုက်ခိုက်မှု (Terrorism) မှန်သမျှကို အမြစ်ကမကျန် ရှင်းလင်းဖြိုဖျက်ပစ်နိုင်သည်ဖြစ်ရာ ယခုလည်းမကြာမီကာလတွင် အကြမ်းဖက်ဖျက်ဆီးမှုများ ချုပ်ငြိမ်းသွားမည်ဟု ယုံကြည်ပါကြောင်း။ ။

ပညာရေးဝန်ကြီးဌာန

၂၀၂၁ -၂၀၂၂ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများစတင်ဖွင့်လှစ်ရေးကိစ္စ

**နေပြည်တော် ဧပြီ ၃၀**

ပညာရေးဝန်ကြီးဌာန၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်မှ စတင်၍ ပုံမှန်စာသင်နှစ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေ ၂၄ ရက် (တနင်္လာနေ့)မှ ၃၁ ရက် (တနင်္လာနေ့)အထိ သတ်မှတ်ထားသဖြင့် ယင်းကာလအတွင်း အတန်းအားလုံး ကျောင်းအပ်နှံကြရန်နှင့် ကျောင်းအပ်နှံရာတွင် မည်သည့် အခကြေးငွေမျှ လုံးဝ(လုံးဝ) ကောက်ခံမှုမရှိကြောင်း၊ ကျောင်းအပ်နှံသည့် ကျောင်းသားအားလုံးကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများနှင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် Mask နှင့် Face Shield များကို အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

■

## ပညာရေးဝန်ကြီးဌာနရှိ သင်ကြား၊ စီမံဝန်ထမ်းအားလုံး လုပ်ငန်းခွင်သို့ မပျက်မကွက် ဝင်ရောက်ရေးကိစ္စ

**နေပြည်တော် ဧပြီ ၃၀**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများမှ သင်ကြားရေးဆရာ ဆရာမများအားလုံးနှင့် စီမံဝန်ထမ်းများအားလုံးတို့သည် မိမိတို့၏ လုပ်ငန်းခွင်သို့ မေ ၃ ရက် နောက်ဆုံးထား၍ မပျက်မကွက် **(မပျက်မကွက်)** ဝင်ရောက်ကြရန် ပညာရေးဝန်ကြီးဌာနက အသိပေးထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၂၀၂၁)ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားရာ နောက်ဆုံးထားလျှောက်ထားရမည့်ရက် တိုးမြှင့်ကြောင်းကြေညာချက်

(၂၀၂၁)ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးပညာနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဦးစားပေးတက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက် လျှောက်ထားနိုင်ပြီး ဘွဲ့လွန်ဆေးပညာသင်တန်း ဝင်ခွင့်လျှောက်လွှာများကို (၃၀-၄-၂၀၂၁)ရက်နေ့အထိ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့သော် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုသူများ လျှောက်ထားရာတွင် ပိုမိုအဆင်ပြေစေရန် နောက်ဆုံးထား လျှောက်ထားရမည့်ရက်ကို (၃၀-၄-၂၀၂၁)ရက်နေ့အစား (၁၅-၅-၂၀၂၁)ရက်နေ့အထိ ရက်တိုးမြှင့်ထားပါကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ကြေးမုံ

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| **ဘာသာပြန်** | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော် |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း |
| **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **စာပြင်** | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **အီးမေးလ်နှင့် အွန်လိုင်း** | - | ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ **ရှေ့ဖုံးမှ**

COVID-19 ကမ္ဘာ့ကပ်ရောဂါ ကျရောက်မှုနှင့်အတူ မြန်မာနိုင်ငံသည်လည်း COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသည့် ကဏ္ဍပေါင်းစုံတွင် လူမှုစီးပွားဘဝထိခိုက်နစ်နာခြင်းများ ရင်ဆိုင်ကြုံတွေ့ခဲ့ပါသည်။ ထိုသို့သော အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုပေါင်းစုံကြားမှ နိုင်ငံတော်အစိုးရက နိုင်ငံသားအလုပ်သမားများ အကျိုးစီးပွားနှင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေမှုတို့ကို ယခုလို နေ့ထူးနေ့မြတ်အခါသမယနှင့် အခွင့်ကြုံခိုက်တွင် ရှင်းလင်းတင်ပြလိုပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

နိုင်ငံတော်အစိုးရသည် အလုပ်သမားများ၏အခန်းကဏ္ဍကို အစဉ်တစိုက် အလေးပေးဆောင်ရွက်ခဲ့သည့်အားလျော်စွာ ယခုကဲ့သို့ COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့်ကာလတွင် အကြောင်းအမျိုးမျိုးကြောင့် စက်ရုံ၊ အလုပ်ရုံ ပိတ်ထားရသည့်လုပ်ငန်းရှင်များ လုပ်ငန်းဆက်လက်ရပ်တည်နိုင်ရေးနှင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အလုပ်သမားများ အလုပ်ပြန်လည်ရရှိရေးတို့အတွက် ချေးငွေများ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ အကျုံးဝင်အလုပ်ဌာန ၃၆,၆၇၀ ဌာနနှင့် အာမခံအလုပ်သမား ၁,၂၄၈,၃၅၄ ဦး မှတ်ပုံတင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ထိ အကျိုးခံစားခွင့် အမှုတွဲပေါင်း ၁,၄၁၀,၁၉၄ အတွက် ခွင့်ပြုငွေကျပ်သန်းပေါင်း ၆၉၁၀၉.၅၈ အား ထုတ်ပေးခဲ့ပါသည်။ ထို့အပြင် COVID-19 ကာလ၌ စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရေး ကျွမ်းကျင်မှုပူးပေါင်းရေးအဖွဲ့များက စစ်ဆေးစဉ်ကာလအတွင်း ယာယီပိတ်ထားသည့် စက်ရုံ၊ အလုပ်ရုံများရှိ အာမခံအလုပ်သမားများအား COVID-19 ကာလအတွင်း လူမှုဖူလုံရေးထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို အာမခံအလုပ်သမား ၁,၅၈၃,၅၃၃ ဦးအတွက် ငွေကျပ်သန်းပေါင်း ၆၇,၉၁၂.၄၆၇ ထုတ်ပေးခဲ့ပါသည်။

မီးလောင်ဆုံးရှုံးခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအတွက် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေဖြင့်လည်းကောင်း၊ ယင်းစက်ရုံ၊ အလုပ်ရုံများမှ အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမားများကို ၎င်းတို့နှင့်ကိုက်ညီသည့် အလုပ်အကိုင်များ ပြန်လည်ရရှိစေရေး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်သားအင်အား အခြေပြုဆောင်ရွက်ရသည့် အထည်ချုပ်လုပ်ငန်းများအပါအဝင် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများတို့ဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာ လုပ်ဆောင်ပေးလျက်ရှိပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် နိုင်ငံတစ်ဝန်း အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အဆိုပါရုံးများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ဒေသများတွင် Mobile Team(ရွေ့လျားအဖွဲ့)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်ရှာဖွေသည့် အလုပ်သမားနှင့် အလုပ်ရှင်တို့အား တစ်နေရာတည်း၊ တစ်ချိန်တည်းမှာပင် အချိန်ကုန်၊ ငွေကုန်သက်သာရန် One Stop Service ဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair)များ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

COVID-19 ကာလအတွင်း နိုင်ငံတကာခရီးစဉ်များ ယာယီရပ်ဆိုင်းထားသောကြောင့် နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပိတ်မိပြီး အခက်အခဲနှင့် ဒုက္ခမျိုးစုံ ကြုံတွေ့နေကြရသည့် မြန်မာအလုပ်သမားများနှင့် မြန်မာနိုင်ငံသားများကို မိမိတို့နိုင်ငံသို့ အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာ မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အထောက်အထားမဲ့ဖြစ်၍ ပြစ်ဒဏ်ကျခံပြီး ထိန်းသိမ်းရေးစခန်းများသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား ၁,၀၈၆ ဦးနှင့် အိန္ဒိယနိုင်ငံတွင်ရောက်ရှိနေကြသော မြန်မာနိုင်ငံသား ၇၀ ဦးတို့ကို တပ်မတော်စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပါသည်။

အလားတူ ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့ပြီး ပြန်မလာနိုင်ဖြစ်နေကြသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်(Relief Flight)များဖြင့် ပြန်လည်ခေါ်ယူလျက်ရှိရာ မြန်မာအလုပ်သမား ၁၂,၄၁၆ ဦးရှိပြီး နယ်စပ်ဂိတ်များမှတစ်ဆင့်ဝင်ရောက်လာသူ မြန်မာနိုင်ငံသား ၂၂၆,၆၈၁ ဦးရှိပါသည်။ ထိုသို့ ပြန်လည်ရောက်ရှိလာသော မိမိတို့နိုင်ငံသားများအား COVID-19 ရောဂါစစ်ဆေးကာကွယ်ရေးနှင့် နေရပ်အသီးသီးသို့ အဆင်ပြေချောမွေ့စွာပြန်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံတွင် အလုပ်အကိုင်ရရှိရေးနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

☆ **ယခုအချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားရမည့် အချိန်ဖြစ်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်**

☆ **နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး အမြန်ဆုံး ပြန်လည်ခိုင်မာအားကောင်းလာနိုင်မည်ဖြစ်ရာ အကျိုးဆက်အနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်းတိုးတက်လာကာ တည်ငြိမ်အေးချမ်းသည့် ဝန်းကျင်တစ်ခုဖြစ်ထွန်းလာစေရေး အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန်နားလည်မှုရှိရှိဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်**

နိုင်ငံတော်အနေဖြင့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်(၂၀၁၉-၂၀၂၁)ကို ရေးဆွဲကာ အဓမ္မခိုင်းစေမှုဆိုင်ရာ အမျိုးသားအဆင့်တိုင်ကြားမှု ယန္တရားထူထောင်၍ တိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများကို ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့်အညီ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် စေလွှတ်လျက်ရှိရာ ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ၁,၃၂၂,၃၈၆ ဦးစေလွှတ်နိုင်ခဲ့ပါသည်။ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ မြန်မာအလုပ်သမားများ ရပိုင်ခွင့်များရရှိနိုင်ရေးအတွက်လည်း ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ထားရှိသည့်အပြင် နိုင်ငံတကာရှိ မြန်မာသံရုံးများကလည်း လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

အလုပ်ရှင်၊ အလုပ်သမားများအား မျှတသောလုပ်ငန်းခွင်ဆက်ဆံရေးစနစ် ကောင်းမွန်စွာကျင့်သုံးတတ်စေရန်၊ ခေါင်းဆောင်မှု၊ ကြီးကြပ်မှု၊ အလုပ်သမားရေးရာ ဥပဒေနှင့် မူဝါဒများသိရှိစေရန် ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အလုပ်ရှင်များနှင့် အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားများနှင့် အလုပ်သမားအဖွဲ့အစည်းများအား အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲများပြုလုပ်ကာ ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ်-၈၇ ကို လက်ခံကျင့်သုံးထားသည်နှင့်အညီ ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရအလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်း စုစုပေါင်း ၃,၁၀၂ ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အလုပ်သမားရေးရာကိစ္စများကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားများ သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား-**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်းတာဝန်ယူပြီးနောက်ပိုင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ပါဝင်သည့် COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၊ အလုပ်သမားစွမ်းအားစုကြီး၊ အသိပညာရှင် အတတ်ပညာရှင် ပြည်သူများအားလုံးတို့၏ ပူးပေါင်းပါဝင်မှု၊ အားထုတ်ကြိုးပမ်းမှုတို့ဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ထို့အပြင် စီးပွားရေးဆိုင်ရာ ဦးတည်ချက်များဖြစ်သည့် ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်နိုင်ရေး၊ နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရေးတို့တွင် အလုပ်သမားစွမ်းအားစုကြီး၏ အကောင်အထည်ဖော်နိုင်မှုအပေါ် များစွာမူတည်နေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အကျိုးစီးပွားကိုမထိခိုက်စေဘဲ နှစ်ဦးနှစ်ဖက်မျှတသည့် အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများရရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အာဆီယံစီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံပါ ကျွမ်းကျင်အလုပ်သမားများ လွတ်လပ်စွာရွေ့ပြောင်းသွားလာမှု အစီအစဉ်အရ အလုပ်သမားဈေးကွက်ယှဉ်ပြိုင်မှု ပိုမိုမြင့်မားလာမည်ဖြစ်၍ နိုင်ငံတွင်းသာမက အာဆီယံဒေသတွင်းရှိ အလုပ်သမားများနှင့်ပါ ယှဉ်ပြိုင်ရမည့်အပြင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ နိုင်ငံအတွင်း ဝင်ရောက်လာပါက သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်မှုများ တိုးတက်နေစေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါသည်။

ယခုအချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားရမည့်အချိန်ဖြစ်ရာ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ပါ၍ နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေး အမြန်ဆုံးပြန်လည်ခိုင်မာအားကောင်းလာနိုင်မည်ဖြစ်ရာ အကျိုးဆက်အနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်းတိုးတက်လာကာ တည်ငြိမ်အေးချမ်းသည့် ဝန်းကျင်တစ်ခုဖြစ်ထွန်းလာစေရေး အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန်နားလည်မှုရှိရှိဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသည့် အင်အားစုကြီးတစ်ခုဖြစ်သော အလုပ်သမားများသည် နိုင်ငံတော်အစိုးရက တစိုက်မတ်မတ် ဦးတည်ချက်ထား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာပြီး တည်ငြိမ်အေးချမ်းသော ဝန်းကျင်တစ်ခုဖြစ်ထွန်းပေါ်ပေါက်စေရေးကို အလေးအနက်ထား တိုက်တွန်းပါကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

# ဆန်များအရည်အသွေးပြည့်မီရေးအတွက် အထွက်နှုန်းကောင်းမွန်၍ အရည်အသွေးပြည့်ဝသည့် စပါးမျိုးများ စိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များရရှိအောင် သုတေသနပြုစိုက်ပျိုးရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းအကြားနေရာရှိသီလဝါဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်တို့နှင့် တွံတေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသည့် ပြည်သူများ စားသောက်မှုအဆင်ပြေစေရန်ဖြစ်ကြောင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် ရွှေမုရင်းငါးကန်တို့တွင် ငါးနှင့်ဘဲများကို လည်းကောင်း၊ ၂၆ မိုင်ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် အသားစားနွားနှင့်နို့စားနွားများ၊ ဝက်၊ ကြက်နှင့် ဆိတ်များကိုလည်းကောင်း မွေးမြူ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း သားငါးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း **သက်ဆိုင်ရာဒေသအလိုက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် အသား၊ ငါးများအား တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ဈေးနှုန်းသက်သာစွာ စားသောက်နိုင်ပြီး ပြည်သူများ အသားနှင့်ငါး စားသုံးမှုမြင့်မားလာကာ ကျန်းမာကြံ့ခိုင်မှုရှိလာမည်** ဖြစ်ကြောင်း၊ **ကျန်းမာကြံ့ခိုင်မှုရှိမှသာ ပညာရည်မြင့်မားရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်း၊ အသား၊ ငါးများအား သက်သာသောဈေးနှုန်းများဖြင့် ဈေးကွက်အတွင်း ရောင်းချပေးနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် အသား၊ ငါး ဈေးနှုန်းများကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အသား၊ ငါး ထွက်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ရေးအတွက်လည်း ဆောင်ရွက်ရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရသည့် လုပ်ငန်းများ ဖြစ်သဖြင့်

**စာမျက်နှာ ၆ သို့ ❖**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုး မွေးမြူရေးဇုန်အတွင်းရှိ ငါးမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ သက်ဆိုင်ရာဒေသအလိုက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် အသား၊ ငါးများအား တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ဈေးနှုန်းသက်သာစွာ စားသောက်နိုင်ပြီး ပြည်သူများ အသားနှင့်ငါး စားသုံးမှုမြင့်မားလာကာ ကျန်းမာကြံ့ခိုင်မှု ရှိလာမည်ဖြစ်။

❖ ကျန်းမာကြံ့ခိုင်မှုရှိမှသာ ပညာရည်မြင့်မားရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)ရှိ ဆီသိုလှောင်ကန်ကို ကြည့်ရှုစစ်ဆေးစဉ်။

*** စက်ရုံများမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ စက်ရုံမှူး ဦးညွန့်ဝေနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် စက်ရုံညှိခန်းမဆောင်အတွင်း၌ ဦးအောင်မြင့်က စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံဆိုင်ရာ အချက်အလက်များ၊ ၂၀၁၇ ခုနှစ်မှစ၍ စက်ရုံလည်ပတ်မှုမရှိဘဲ ရပ်တန့်ထားရသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်း၌ စက်သုံးဆီလိုအပ်ချက်ရှိနေဆဲဖြစ်ပြီး ပြည်ပမှ လစဉ်တန်ချိန်များစွာ တင်သွင်းနေရသည့် အခြေအနေ၊ ထိုသို့ပြည်ပမှ တင်သွင်းခြင်းများ ဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်အောင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအား အဆင့်မြှင့်တင်လုပ်ဆောင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်အကြံပြုဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဝင်းအတွင်းရှိ ဆီသိုလှောင်ကန်များ၊ **စာမျက်နှာ ၆ သို့ »»**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ် ၁၀ ရေတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လမ်းမတော်မြို့နယ်ရှိ ရွာသစ်ချောင်း မြစ်ထွက်ပေါက်ကို ကြည့်ရှုစစ်ဆေးစဉ်။

❖ စာမျက်နှာ ၄ မှ

စနစ်တကျဖြင့် စံပြဖြစ်အောင် စီမံဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး သားဖောက်ခြင်းလုပ်ငန်းများအား သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ထို့အပြင် ငါးသယံဇာတ ပေါများစေရေးအတွက် မြစ်ချောင်းများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**သုတေသနပြုစိုက်ပျိုး**

**စိုက်ပျိုးရေးနှင့်ပတ်သက်၍ အဓိကစားကုန်ဖြစ်သည့် ဆန်များအရည်အသွေးပြည့်မီရေးအတွက် အထွက်နှုန်းကောင်းမွန်၍ အရည်အသွေးပြည့်ဝသည့် စပါးမျိုးများ စိုက်ပျိုးနိုင်ရေး မျိုးကောင်းမျိုးသန့်များရရှိအောင် သုတေသနပြု စိုက်ပျိုးရန်လိုကြောင်း၊** ပြည်တွင်း ဆန်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ စနစ်တကျ ပြုပြင်ထားသည့်မြေဖြစ်ရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်နှင့် ရေဖူလုံစွာရရှိရန်လိုကြောင်း၊ သို့မှသာ အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များရရှိမည်ဖြစ်ကြောင်း၊ တပ်မိသားစုဝင်များသာမက ပြည်သူများ အသား၊ ငါးနှင့် စိုက်ပျိုးရေးထုတ်ကုန်များအား သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ဘဲမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ဘဲဥများအားကြည့်ရှုပြီး မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှု၊ ငါးမွေးမြူထားရှိမှုနှင့် ဘဲမွေးမြူထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

- ❖ **ပြည်တွင်း ဆန်လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရုံသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်။**
- ❖ **စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ စနစ်တကျပြုပြင်ထားသည့်မြေဖြစ်ရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်နှင့် ရေဖူလုံစွာရရှိရန်လို။**
- ❖ **သို့မှသာ အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ရရှိမည်ဖြစ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မွေးမြူရေးဇုန်အတွင်း ဘဲများမွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» **စာမျက်နှာ ၅ မှ**

ဆိပ်ခံတံတား၊ စက်ဆီရောစပ် စည်သွပ်စက်ရုံနှင့် ရေနံချက်စက်ရုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အချို့စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်အားတစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**မှာကြား**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအနီး ဒေသအခေါ် ရေနံကုန်းပေါ်တွင် ခရစ်နှစ် ၁၇၄၉ ခုနှစ်က တည်ဆောက်ခဲ့သည့် Immaculate Conception Catholic Church (ပေါ်တူဂီကျောင်း)သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး ရှေးဟောင်းလက်ရာ အဆောက်အဦဖြစ်သဖြင့် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သင့်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

- ☆ **ပြည်တွင်း၌ စက်သုံးဆီ လိုအပ်ချက်ရှိနေဆဲဖြစ်ပြီး ပြည်ပမှ လစဉ်တန်ချိန်များစွာတင်သွင်းနေရသည့် အခြေအနေ၊ ထိုသို့ ပြည်ပမှ တင်သွင်းခြင်းများ ဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်အောင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအား အဆင့်မြှင့်တင်လုပ်ဆောင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်အကြံပြုဆွေးနွေး**
- ☆ **အချို့စက်ရုံများအား ပြန်လည် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်၍ ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယခုလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ မြို့တော်သန့်ရှင်း သာယာလှပရေးဆိုင်ရာများနှင့်ပတ်သက်၍ မိုးတွင်းကာလ မြို့တွင်း၌ ရေကြီးရေလျှံမှု မဖြစ်ရေး၊ ယာဉ်စည်းကမ်းလိုက်နာစေရေး၊ ခြောက်သွေ့ရာသီ၌ သုံးရေလုံလောက်ရေးစသည့် လက်တွေ့ပြည်သူဘဝကို အကျိုးရှိစေမည့် လုပ်ငန်းများအား ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့မှုအပေါ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ယခုနှစ်မိုးရာသီအတွင်း ရေကြီးရေလျှံမှု လျော့ပါးစေရန်ဆောင်ရွက်နေမှုအခြေအနေများအား ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းရှိ မြစ်ထွက်ပေါက်ရေမြောင်းနေရာ၊ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ် ၁၀ ရေတံခါးနှင့် လမ်းမတော်မြို့နယ်ရှိ ရွာသစ်ချောင်း မြစ်ထွက်ပေါက်နေရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြီးရေလျှံမှုများ ယခင်ကထက်လျော့နည်းစေရေး စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မဲစာရင်းဖောင်းပွအောင်လုပ်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်

**NLD ပါတီသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲမသမာမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြို့နယ် ၃၁၅ မြို့နယ်တွင် မဲမသမာမှုဟုယူဆရသည့် အရေအတွက် ၁၀ သန်းကျော်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ မဲစာရင်းဖောင်းပွအောင်လုပ်မှုသည် ဆိုးရွားသည့်လုပ်ရပ်ဖြစ်ပြီး ရိုးရိုးသားသားဖြင့် လုပ်ဆောင်လျှင် မနိုင်မည်ဖြစ်သော်လည်း ရိုးရိုးဖြေပါက အောင်မြင်မည့်စာမေးပွဲကို မတန်တဆအမှတ်လိုချင်သဖြင့် မသမာသည့်နည်းဖြင့် လုပ်ဆောင်သည်နှင့် တူနေပါကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများကိုကြည့်ရှုစစ်ဆေး





**နေပြည်တော် ဧပြီ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဧပြီ ၂၉ ရက်တွင် မိတ္ထီလာမြို့ရှိ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ခရိုင်ရုံး-မိတ္ထီလာ)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန (ခရိုင်ရုံး-မိတ္ထီလာ)၊ ကုန်းလမ်းပို့ဆောင်ရေး (ကုန်စည်ဌာနခွဲ)နှင့် မြစ်ငယ်မြို့ရှိ ကုန်းတွင်းဆိပ် (Dry Port) နေရာများဖြစ်သော Kerry Mother Terminal and Logistics Limited၊ Resource Group Logistics Co.,Ltd. တို့၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)တို့ကို ကြည့်ရှု စစ်ဆေးသည်။

ဌာနများသို့ ရောက်ရှိချိန်တွင် ပြည်ထောင်စုဝန်ကြီးသည် ဌာနအကြီးအကဲများ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဌာနအကြီးအကဲများက ဌာနများ၏ဆောင်ရွက်ဆဲနှင့်ဆက်လက်ဆောင်ရွက်မည့် တည်ဆောက်ရေးနှင့် စီမံကိန်းလုပ်ငန်းများ၊ ဝင်ငွေရရှိရေးကြိုးပမ်းဆောင်ရွက်မှု၊ ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ ဆောင်ရွက်ထားမှုအခြေအနေများ၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)တွင် တွဲသစ်တည်ဆောက်ရေးလုပ်ငန်းများကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ပြီး ဌာနများမှ အရာထမ်းများနှင့် အမှုထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း အောင်ဆန်းခန်းမတွင် ဝန်ကြီးဌာနလက်အောက်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကုန်းလမ်းပို့ဆောင်ရေး ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြန်မာ့စာတိုက်လုပ်ငန်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများကို နံနက်ပိုင်းတွင်လည်းကောင်း၊ မြန်မာ့မီးရထား လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)မှ အရာထမ်း၊ အမှုထမ်းများကို မွန်းလွဲပိုင်းတွင် တွဲတည်ဆောက်ရေးစက်ရုံသစ်၊ ရှင်းလင်းဆောင်ခန်းမ၌လည်းကောင်း တွေ့ဆုံသည်။

**ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရေး**

တွေ့ဆုံစဉ် ရွေးကောက်ပွဲကာလ မဲစာရင်းအမှားအယွင်းများပြားလွန်းမှုများကြောင့် ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အတွက် နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ထုတ်ပြန်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ထိန်းသိမ်းမှုအပေါ် မကျေနပ်၍ အေးချမ်းစွာဆန္ဒပြနေရာမှ မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် လူစုလူဝေးများဖြင့် ဆူပူဆန္ဒပြခြင်း၊ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြခြင်း၊ ရရာလက်နက်များ ဖြင့် တိုက်ခိုက်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ အကြမ်းဖက်ရာတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အရပ်သား အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်လာပြီး ဝန်ထမ်းများပါ CDM လှုပ်ရှားမှုများတွင် ပါဝင်လာအောင် သွေးထိုးလှုံ့ဆော်ဆောင်ရွက်ခဲ့သဖြင့် ဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ အချို့ဝန်ထမ်းများ ပုဒ်မ ၅၀၅-က ဖြင့် တရားစွဲဆိုခံရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှု မရှိခဲ့သူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုပါက ဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ်ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန် သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်၊ ကာယကံရှင်၏ ဝန်ခံကတိပြုချက်၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ထောက်ခံချက်များဖြင့် ရာဇဝတ်ကြောင်းအရ တရားစွဲထားမှုများကို ပြန်လည်ရုပ်သိမ်းပေးနိုင်ရေးသုံးသပ်ဆောင်ရွက်ရန် လမ်းညွှန်ပေးထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းပျက်ကွက်မှုများပြားသည့် ဌာနများအနေဖြင့် ဌာန၏လုပ်ငန်းများ ရပ်တန့်သည်အထိ ဖြစ်ပွားခဲ့မှုအပေါ် ပြန်လည်သုံးသပ်ရန်၊ လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် မိမိဌာန၏ လုပ်ငန်းများ ရပ်တန့်မှုမဖြစ်စေရေး၊ လုပ်ငန်းများတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

**လိုအပ်သည်များ မှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းဝင်းအတွင်းရှိ သင်ကြားမှုအထောက်အကူပစ္စည်းဖြစ်သော ရေနွေးငွေ့စက်ခေါင်း၊ သင်တန်းသားများ စားရိပ်သာ၊ သင်တန်းသားအိပ်ဆောင်များ၊ Driving Simulator၊ စာသင်ခန်းများ၊ ရထားသင်တန်းအထောက်အကူပြုသရုပ်ပြဆောင်၊ မော်တော်ယာဉ်သင်တန်း အထောက်အကူပြုသရုပ်ပြဆောင်နှင့် စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ခရိုင်ရုံး-မိတ္ထီလာ)၏ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများနှင့် ရုံးအဆောက်အအုံ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန (ခရိုင်ရုံး-မိတ္ထီလာ)၏ ရုံးအဆောက်အအုံ၊ ကုန်းလမ်းပို့ဆောင်ရေး (ကုန်စည်ဌာနခွဲ-မိတ္ထီလာ)၏ ယာဉ်မောင်းသင်တန်းကျောင်းနေရာ မြစ်ငယ်မြို့ရှိ ကုန်းတွင်းဆိပ် (Dry Port)နှင့် ဆက်စပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံပြသပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

# အန္တရာယ်ရှိတဲ့ ပတ်ဝန်းကျင်ရှိ အလုံပိတ်ရေငုပ်သင်္ဘော ကိုယ်ထည်တစ်ခုမှာ ရှင်သန်နေထိုင်ခြင်း

သန်းဇော်

ဒီဇယ် လျှပ်စစ်စွမ်းအင်သုံး အင်ဒိုနီးရှားရေတပ်ပိုင် ရေငုပ်သင်္ဘော (KRI Nanggala 402) ဟာ ၂၁-၄-၂၀၂၁ ရက်နေ့က တိုပီဒို ပစ်ခတ်မှု စစ်ရေးလေ့ကျင့်စဉ် အမှုထမ်း ၅၃ ဦးနဲ့အတူ ပျောက်ဆုံးသွားခဲ့ပါတယ်။

အဲဒီရေငုပ်သင်္ဘောဟာ ဂျာမနီကတည်ဆောက်ခဲ့တဲ့ Type 209 အတန်းအစားဖြစ်ပြီး ၁၉၈၁ ခုနှစ်မှာ အင်ဒိုနီးရှား ရေတပ်ကို ရောက်ရှိတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဂျာမန်ရေငုပ်သင်္ဘော တည်ဆောက်တဲ့ကုမ္ပဏီက ၎င်းတို့ရဲ့ ဒုတိယမြောက်ဈေးကွက်ကို တောင်ကိုရီးယားနိုင်ငံမှာ ဖွင့်လှစ်ပြီး ဒေဝူးသင်္ဘောကျင်းမှာ တည်ဆောက်ရောင်းချလျက်ရှိပါတယ်။ အဲဒီ အင်ဒိုနီးရှားရေငုပ်သင်္ဘောဟာ သက်တမ်း နှစ် ၄၀ ကျော် ရှိပြီး ၂၀၁၂ ခုနှစ်က နှစ်နှစ် ပြုပြင်မွမ်းမံမှုကို တောင်ကိုရီးယားနိုင်ငံမှာ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။

မတော်တဆမှုဖြစ်စဉ်ကြောင့် ရေငုပ်သင်္ဘော ပျောက်ဆုံးမှုမှာ ဖြစ်နိုင်ခြေနှစ်ခုရှိပါတယ်။ ပထမဖြစ်နိုင်ခြေက ရေငုပ်သင်္ဘောအတွင်း ပေါက်ကွဲမှုကြောင့် ဖြစ်နိုင်ပါတယ်။ ဒုတိယဖြစ်နိုင်ခြေက စွမ်းအင်ထောက်ပံ့ပေးတဲ့စနစ်အပါအဝင် စနစ်တွေချွတ်ယွင်းပျက်စီးပြီး လည်ပတ်နိုင်စွမ်းမရှိတဲ့ ရေငုပ်သင်္ဘော (သို့မဟုတ်) ရေပေါ်ပြန်တက်ဖို့နဲ့ သူ့ရဲ့ လေထုကို လေဝင်၊ လေထွက်စနစ် ကောင်းမွန်စွာ မစွမ်းဆောင်နိုင်တဲ့ ရေငုပ်သင်္ဘော (Distressed Submarine or Disabled Submarine – DISSUB) အဖြစ် ရောက်ရှိသွားခြင်းကြောင့် ဖြစ်နိုင်ပါတယ်။

### ရေငုပ်သင်္ဘောအတွင်း ပေါက်ကွဲခြင်း

ရေငုပ်သင်္ဘောအတွင်း ပေါက်ကွဲမှုဖြစ်စေနိုင်တဲ့ အရင်းအမြစ် အဓိက နေရာနှစ်ခုရှိပြီး တိုပီဒိုလက်နက်ခန်းနဲ့ ဘက်ထရီခန်းတို့ ဖြစ်ပါတယ်။ လက်နက်ထားရှိရာ တိုပီဒိုခန်းဟာ လုပ်ထုံးလုပ်နည်း လွဲမှား၍ဖြစ်စေ၊ မတော်တဆမှုကြောင့်ဖြစ်စေ ပေါက်ကွဲမှုဖြစ်နိုင်ပါတယ်။ ဘက်ထရီကို ဒီဇယ်လျှပ်စစ်စွမ်းအင်သုံးနဲ့ AIP စွမ်းအင်သုံး ရေငုပ်သင်္ဘောတွေမှာ အဓိကအသုံးပြုပေမယ့် အဏုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘောတွေမှာ ဓာတ်ပေါင်းဖိုမတော်တဆယိုစိမ့်မှု၊ ရပ်တန့်မှုဖြစ်ပါက အရေးပေါ်အခြေအနေမှာ အရန်စွမ်းအင် (back up) အဖြစ် အသုံးပြုနိုင်ဖို့ ဒီဇယ်မီးစက်နဲ့ ဘက်ထရီများ ပါရှိပါတယ်။

ဘက်ထရီများ (lead–acid battery) ဟာ ပုံမှန်အားဖြင့် အရည်စီးကြောင်း (trickle)/ ဘက်ထရီအားသွင်းတဲ့ ကိရိယာမှ(သို့မဟုတ်) ရေပေါ်မှာ အားသွင်းတဲ့လုပ်ငန်းစဉ်မှ ထွက်ပေါ်လာတဲ့ ထုတ်ကုန်တစ်ခုအနေနဲ့ ဟိုက်ဒရိုဂျင်ကို လေထဲသို့ လွှတ်ထုတ်လိုက်ပါတယ်။ (နောက်ပိုင်းမှာတော့ lithium battery တွေကို အသုံးပြုလာပါတယ်။ )

ဘယ်ရေငုပ်သင်္ဘောမဆို ဟိုက်ဒရိုဂျင်ထွက်ရှိတဲ့စက်များ တပ်ဆင်ခြင်းနဲ့ ထိန်းသိမ်းခြင်းတို့အတွက် အထူးဂရုစိုက်ရမှာ ဖြစ်ပါတယ်။ ဘက်ထရီခန်းနဲ့ အတွင်းလေထုထဲမှာ ဟိုက်ဒရိုဂျင်ပမာဏကို ၂% မှ ၂.၅% ထက်မကျော်စေဖို့ လေထုထိန်းချုပ်မှုစနစ်နဲ့ အမြဲမပြတ် ကြည့်ရှုနေရပြီး လေထုထဲမှာ ဟိုက်ဒရိုဂျင်ပါဝင်မှု ကန့်သတ်ချက် ၄% ပါဝင်ပါက အနိမ့်ပေါက်ကွဲမှုနဲ့အတူ အလွန်ကြီးမားစွာ မီးလောင်ကျွမ်းနိုင်ပါတယ်။ အန္တရာယ်ရှိတဲ့ ပမာဏနဲ့ ပြည့်ဝနေတဲ့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ဟာ မီးပွင့်/ မီးတောက်တစ်ခုခု (ဥပမာ- ဝိုင်ယာရှော့ဖြစ်ခြင်း၊ ဘက်ထရီခေါင်းငုတ်တိုင်မှ မီးပွင့်ခြင်း၊ မူလီ-ခွ ကျပ်ခြင်းကြောင့် မီးပွင့်ထွက်သွားခြင်းစသဖြင့်)နဲ့ထိတွေ့ပါက ဟိုက်ဒရိုဂျင်ဗုံးကဲ့သို့ မီးလောင်မှုအန္တရာယ် ကြီးမားပါတယ်။

### စနစ်များ ကောင်းမွန်စွာ လည်ပတ်နိုင်စွမ်းမရှိသော ရေငုပ်သင်္ဘော

ပေါက်ကွဲမှုတစ်ခုခုကြောင့်မဟုတ်ဘဲ ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ထောက်ပံ့မှုစနစ် အပါအဝင် စနစ်တွေ ချွတ်ယွင်းပျက်စီးပြီး လည်ပတ်နိုင်စွမ်းမရှိတဲ့ ရေငုပ်သင်္ဘော (သို့မဟုတ်) ရေပေါ်ပြန်တက်ဖို့နဲ့ ၎င်းရဲ့ လေထုကို လေဝင်၊ လေထွက်စနစ် ကောင်းမွန်စွာ မစွမ်းဆောင်နိုင်တဲ့ ရေငုပ်သင်္ဘော (DISSUB) အဖြစ်ကို ရောက်ရှိသွားတဲ့အခါ အရန်ဘက်ထရီနဲ့ အရေးပေါ်အခြေအနေမှာ လုပ်ဆောင်ရမယ့် အခြေအနေအတိုင်း လုပ်ဆောင်ပြီး ရေမျက်နှာပြင်ပေါ်ကို တက်ရောက်နိုင်အောင် ပြုလုပ်ရပါမယ်။

**ရေငုပ်သင်္ဘောအတွင်း ပေါက်ကွဲမှုဖြစ်စေနိုင်တဲ့ အရင်းအမြစ် အဓိကနေရာနှစ်ခုရှိပြီး တိုပီဒိုလက်နက်ခန်းနဲ့ ဘက်ထရီခန်းတို့ ဖြစ်ပါတယ်။ လက်နက်ထားရှိရာ တိုပီဒိုခန်းဟာ လုပ်ထုံးလုပ်နည်း လွဲမှား၍ဖြစ်စေ၊ မတော်တဆမှုကြောင့် ဖြစ်စေ ပေါက်ကွဲမှုဖြစ်နိုင်ပါတယ်။ ဘက်ထရီကို ဒီဇယ်လျှပ်စစ်စွမ်းအင်သုံးနဲ့ AIP စွမ်းအင်သုံးရေငုပ်သင်္ဘောတွေမှာ အဓိကအသုံးပြုပေမယ့် အဏုမြူစွမ်းအင်သုံးရေငုပ်သင်္ဘောတွေမှာ ဓာတ်ပေါင်းဖို မတော်တဆယိုစိမ့်မှု၊ ရပ်တန့်မှုဖြစ်ပါက အရေးပေါ်အခြေအနေမှာ အရန်စွမ်းအင် (back up) အဖြစ် အသုံးပြုနိုင်ဖို့ ဒီဇယ်မီးစက်နဲ့ ဘက်ထရီများ ပါရှိပါတယ်။**

ဒီလို ရေပေါ်ကိုတက်ဖို့ စွမ်းအင်မလုံလောက်ရင်/ စွမ်းအင်ပြတ်တောက်သွားရင် ရေမျက်နှာပြင်ပေါ်ကို အချက်ပြဆက်သွယ်မှုများ ပြုလုပ်ပြီး ကယ်ဆယ်ရေးအဖွဲ့ရောက်ရှိအောင် စောင့်ဆိုင်းရပါမယ်။

အခြားသင်္ဘော၊ ချောက်နံရံ (canyon wall)၊ ရေအောက်မိုင်း စတာတို့နဲ့ တိုက်မိခြင်းကြောင့်ဖြစ်စေ(သို့မဟုတ်) သင်္ဘောပေါ်မှာ ပေါက်ကွဲမှုဖြစ်ခြင်းကြောင့် ဖြစ်စေ၊ ရေငုပ်သင်္ဘောဟာ အောက်ကိုကျသွားတဲ့အခါ သင်္ဘောသားတွေဟာ ဘေးအန္တရာယ်ကျရောက်မှု အချက်ပေးခြင်းကို ရေဒီယိုဆက်သွယ်မှုနဲ့ ဖြစ်စေ (သို့မဟုတ်) ရေငုပ်သင်္ဘောရဲ့တည်နေရာနဲ့ ဘေးအန္တရာယ်ကျရောက်နေတဲ့ အချက်ပြမှုကို ထုတ်လွှင့်ပေးမယ့် buoy ကို ရေငုပ်သင်္ဘောမှ ပစ်လွှတ်၍ဖြစ်စေ ပြုလုပ်ပါမယ်။ အဏုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘောတွေအနေနဲ့ ဘေးအန္တရာယ်အခြေအနေအပေါ် မူတည်ပြီး အဏုမြူဓာတ်ပေါင်းဖိုကို ပိတ်ပြီး ဘက်ထရီစွမ်းအင်တစ်မျိုးတည်းအပေါ်မှာသာ မှီခိုရမှာဖြစ်ပါတယ်။ ဒီလိုဖြစ်ပါက အမှုထမ်းတွေ ရင်ဆိုင်ရတဲ့ အခြေအနေ လေးမျိုးရှိပါတယ်-

(က) ရေလွှမ်းဝင်ရောက်ခြင်းကို ထိန်းချုပ်ထားပြီး အနည်းဆုံး ဖြစ်စေရပါမယ်။

(ခ) အောက်ဆီဂျင်အသုံးပြုမှုကို လျှော့ချရပါမယ်။ ဖြစ်နိုင်ဖွယ်ရှိတဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် ရရှိနိုင်တဲ့ အောက်ဆီဂျင်ကို ကြာရှည်စွာ ထောက်ပံ့ပေးနိုင်မှာ ဖြစ်ပါတယ်။

(ဂ) အလုံပိတ်အခန်းအတွင်း အသက်ရှူထုတ်ရာမှ $CO_2$ ဓာတ်ငွေ့ထွက်ရှိမှု မြင့်တက်လာနိုင်ပြီး အန္တရာယ်ရှိတဲ့ အဆိပ်အတောက် ဖြစ်စေပါတယ်။

(ဃ) ဘက်ထရီအားကုန်သွားရင် အဲဒီနောက် အပူပေးစနစ်ပျက်သွားပြီး ရေငုပ်သင်္ဘောရဲ့ အပူချိန် ကျဆင်းသွားပါမယ်။ (အေးလာပါမယ်။ )

ရေမျက်နှာပြင်ကနေ ကယ်ဆယ်ရေးကြိုးပမ်းမှုများဟာ မတော်တဆမှုဖြစ်ပြီးနောက် ၄၈ နာရီအတွင်း အလျင်အမြန် ဆောင်ရွက်ရပါမယ်။ ပုံမှန်အားဖြင့် ကြိုးပမ်းမှုများဟာ ရေငုပ်သင်္ဘောပျက်ထဲမှ သင်္ဘောသားများကို ခေါ်ထုတ်ဖို့ ကယ်ဆယ်ရေး ရေအောက်သွားရေယာဉ်များ (DSRV) ကို ဆင်းဖို့ကြိုးပမ်းခြင်း (သို့မဟုတ်) ပင်လယ်ကြမ်းခင်းမှ ရေငုပ်သင်္ဘောကိုမြှင့်တင်ဖို့ ကြိုးပမ်းခြင်းတို့ ပါဝင်ပါတယ်။

ရေနက်ပိုင်း ရေအောက်သွားကယ်ဆယ်ရေးယာဉ်တွေမှာ Deep Submergence Rescue Vehicles (DSRV) လို့ ခေါ်တဲ့ mini–submarines နဲ့ Diving Bell တို့ ပါဝင်ပါတယ်။ DSRV ဟာ ပြိုကျသွားတဲ့ ရေငုပ်သင်္ဘောဆီကို လွတ်လပ်စွာ သွားနိုင်ပြီး ပျက်စီးရေငုပ်သင်္ဘောရဲ့ ကိုယ်ထည်အပေါ်ဘက်ရှိ အရေးပေါ်ထွက်ပေါက် (hatch or escape trunk) ဆီကို တွားသွားကပ်ပါတယ်။ လေလုံအောင်ဖန်တီးပြီး hatch အဖုံးကို ဖွင့်ပြီးနောက် သင်္ဘောသား ၂၄ ယောက်အထိ ကယ်တင်နိုင်ပါတယ်။ DSRV ယာဉ်တွေဟာ အမှုထမ်း သုံးဦးနဲ့ ကယ်တင်နိုင်တဲ့ သင်္ဘောသား ၂၄ ဦး တင်ဆောင်နိုင်ပါတယ်။ Diving bell ဆိုတာ ပုံမှန်အားဖြင့် ထောက်ပံ့ရေးသင်္ဘောပေါ်ကနေ ရေပြင်ပေါ်ကို ချပြီး ပြိုကျရေငုပ်သင်္ဘောဆီကို သွားတဲ့ ကယ်ဆယ်ရေး ရေငုပ်သင်္ဘောအသေးဖြစ်ပါတယ်။ ရေအောက်မှာ ကယ်ဆယ်ရေးလုပ်ဆောင်ပုံကတော့ အထက်ပါနည်းအတိုင်း ဖြစ်ပါတယ်။

ကယ်ဆယ်ရေးလုပ်ငန်းအောင်မြင်ဖို့အတွက် အရေးကြီးတဲ့အချက်က ပြိုလဲကျသွားတဲ့ ရေငုပ်သင်္ဘောရဲ့ အနက်၊ ပင်လယ်ကြမ်းခင်းမျက်နှာပြင်၊ ပြိုကျရေငုပ်သင်္ဘောအနီးအနားရှိ ရေစီးကြောင်း၊ ရေငုပ်သင်္ဘောရဲ့ ထောင့်၊ ပင်လယ်ပြင်နဲ့ မျက်နှာပြင်ပေါ်ရှိ ရာသီဥတုအခြေအနေတို့ ဖြစ်ပါတယ်။

ပထမဦးစွာ နစ်မြုပ်နေတဲ့ အရာဝတ္ထုအပေါ် သက်ရောက်နေတဲ့ လေထုဖိအားနဲ့ ရေအနက်လိုက် ဖိအားကိုသိရှိဖို့ လိုအပ်ပါတယ်။

### လေထုဖိအား

စံသတ်မှတ်ချက် လေထုဖိအားက ပင်လယ်ရေမျက်နှာပြင် (sea level) သုည ပေမှာ လေထုဖိအား တစ်ယူနစ်ရှိပါတယ်။ လေထုဖိအား တစ်ယူနစ်ဟာ ပင်လယ်ရေရဲ့ ၃၃ ပေ (သို့မဟုတ်) ၁၀ ဒသမ ၀၆ မီတာအနက်ရှိ ဖိအား (သို့မဟုတ်) 14.7 psi နဲ့ ညီမျှတဲ့ အတွက် ရေအနက် တစ်ပေဟာ ဖိအား 0.445 psi နဲ့ ညီမျှပါတယ်။ လေထုဖိအားဟာ ပင်လယ်ရေမျက်နှာပြင်မှာ ပုံသေ/ကိန်းသေဖြစ်ပြီး ရာသီဥတုကြောင့်ဖြစ်ပေါ်တဲ့ အသေးစား အတက်အကျတွေကို များသောအားဖြင့် လျစ်လျူရှုနိုင်ပါတယ်။ စံပြလေထုဖိအားကို အများအားဖြင့် 10N/cm$^2$ (သို့မဟုတ်) 14.7 psi (သို့မဟုတ်) လေထုဖိအား တစ်ခု/တစ်ယူနစ် one atmosphere absolute (1 ata) ဟု ဖော်ပြပါတယ်။

### ရေထုအနေအထားကြောင့် ဖိအားခြားနားမှု

၃၃ ပေအနက်ရှိ ပင်လယ်ရေဟာ လေထုဖိအား တစ်ယူနစ် (one atmosphere) နဲ့ ညီမျှပါတယ်။ ထိုရေအနက် ၃၃ ပေမှာ လေထုနဲ့ ရေဖိအားကို ပေါင်းစပ်ထားတဲ့ ပကတိဖိအားဟာ လေထု နှစ်ယူနစ်နဲ့ ညီမျှမှာဖြစ်ပါတယ်။ ထပ်တိုးအပိုဆောင်းရေအနက် ၃၃ ပေရောက်တိုင်း နောက်ထပ် လေထုဖိအား 14.7 psi နဲ့ ကြုံတွေ့ရပါတယ်။ ထို့ကြောင့် ရေအနက် ၉၉ ပေမှာ ပကတိဖိအားဟာ လေထု လေးယူနစ်နဲ့ ညီမျှပါတယ်။ (ဇယား -၁) ပင်လယ်ရေမျက်နှာပြင်အထက်မှာ လေထုဖိအား တစ်ယူနစ် ရှိပါတယ်။

ပင်လယ်ရေမျက်နှာပြင်မှာ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိလေဟာ ကိုယ်ခန္ဓာကို ၁၄ ပေါင်၊ 14.7 psi ဖြင့် ဖိထားပေမယ့် ခန္ဓာကိုယ်အတွင်းရှိ အရည်တွေဟာ တူညီတဲ့ဖိအားနဲ့ အပြင်ဘက်ကို တွန်းပို့နေတာကြောင့် ဖိအားဒဏ်ကို မခံစားရပါ။ ဒါပေမယ့် သမုဒ္ဒရာထဲမှာ ပေအနည်းငယ် ရေငုပ်လိုက်တဲ့အခါ သိသာတဲ့ ဖိအားပြောင်းလဲမှုကို သင်ခံစားရပါမယ်။

စာမျက်နှာ ၉ သို့ ❖



KRI Nanggala 402 ရေငုပ်သင်္ဘောကို ၂၀၁၂ ခုနှစ်က တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ အနုပညာအထက်တန်းကျောင်း(မန္တလေး)နှင့် ရွှေနန်းတော်ကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက်ပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) သို့ရောက်ရှိရာ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ တက္ကသိုလ်တွင် အနုပညာဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့နှင့် ဘွဲ့လွန်အနုပညာဒီပလိုမာသင်တန်းများ ပြန်လည်ဖွင့်လှစ်မည့် အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ အနုပညာအထက်တန်းကျောင်း (ပန်တျာကျောင်းနှင့် ပန်းချီ ပန်းပုကျောင်း) (မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်နိုင်စိုးက သင်တန်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



**စီမံပေးလျက်ရှိ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ကျောင်းများ ပိတ်ထားသည်မှာ တစ်နှစ်ကျော်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးမှာ နောက်ကျကျန်ရစ်မှု မရှိစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံပေးလျက်ရှိပါကြောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင်လည်း အနုပညာဆိုင်ရာ မဟာဝိဇ္ဇာတန်းများနှင့် ဘွဲ့လွန်အနုပညာ ဒီပလိုမာတန်းများကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဇွန် ၁ ရက်တွင် ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ပုံမှန်သင်တန်းများကို ခွင့်ပြုကာလတွင် ဖွင့်လှစ်နိုင်ရေး၊ အနုပညာအထက်တန်းကျောင်း (ပန်တျာကျောင်းနှင့် ပန်းချီ ပန်းပုကျောင်း)(မန္တလေး)ကို မေ ၃ ရက်တွင် ဖွင့်လှစ်နိုင်ရန်အတွက် သင်တန်းခန်းမနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ စီစဉ်ဆောင်ရွက်ပေးရေး၊ ကျောင်းသားကျောင်းသူအိပ်ဆောင်များတွင် စနစ်တကျ နေရာချထားနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် ပြောကြားသည်။

**ပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်စုပေါင်းခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ပေးအပ်လာသည့်တာဝန်ကို ကျေပွန်စွာဖြင့် စွမ်းအားပြည့် ထမ်းဆောင်ကြရန် လိုအပ်ပါကြောင်း၊ ဤဝန်ကြီးဌာနက တာဝန်ယူ ဖွင့်လှစ်ထားသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၊ အနုပညာအထက်တန်း ကျောင်းများ၏ အဓိကတာဝန်သည် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို အခြေပြုပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် မျိုးဆက်သစ်လူငယ်များအား ပြုစုပျိုးထောင်ပေးရန် ဖြစ်ပါကြောင်း၊ ထိုမျိုးဆက်သစ်လူငယ်များ၏ နှလုံးသားထဲတွင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးစလုံး၏ သိမ်မွေ့ခြင်းကို အခြေခံသည့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ထာဝစဉ်ကိန်းအောင်းနေရုံမျှမက ထိုအမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ဆက်လက်ပြန့်ပွားစေရေးကို လက်ဆင့်ကမ်းဆောင်ရွက်နိုင်ကြစေရန် လေ့ကျင့်သင်ကြားပေးသွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်အတွင်း တည်ဆောက်လျက်ရှိသည့် သံကူကွန်ကရစ် သုံးထပ်စာသင်ဆောင် တစ်လုံးနှင့် ဝန်ထမ်းအိမ်ရာ ရှစ်ခန်းတွဲ လေးထပ် တစ်လုံး တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**တက်ရောက်ကြည်ညို**

ယင်းနောက် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မထေရိယ မဟာနာယကချုပ်ကျောင်းဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသော ထာဝရဆွမ်းပဒေသာပင်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

ရှေးဦးစွာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မဘာဏကကျောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ကေသရာဘိဝံသ ဆရာတော်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မစိုးရိမ်တိုက်အတွင်း သီတင်းသုံး နေထိုင်တော်မူကြသော ပရိယတ္တိဝန်ဆောင် ဆရာတော်များ ဆွမ်း၊ ကွမ်းကြောင့်ကြမှု မရှိကြစေရန် ရည်သန်၍ ထာဝရဆွမ်းပဒေသာပင်အဖြစ် ငွေကျပ်သိန်း ၁၀၀ အား စိုက်ထူလှူဒါန်းရခြင်းဖြစ်ပါကြောင်းနှင့် ဆရာတော်၊ သံဃာတော်များ ဘောဇနသပ္ပါယ မျှတပြီး သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့တာဝန်ကိုထမ်းဆောင်နိုင်၍ ဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ တည်တံ့ဝေစည်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် လျှောက်ထားကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘဒ္ဒန္တကေသရာဘိဝံသ ဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ညနေပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အတူ မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်**

၁။ Mobile Internet ယာယီပြတ်တောက်နေစဉ်ကာလအတွင်း ဘဏ်နှင့်မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၏ Internet အသုံးပြု၍ ဆောင်ရွက်ရသည့် ငွေရေးကြေးရေးဆိုင်ရာ System များ၊ Application များကို ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၉-၄-၂၀၂၁ ရက်နေ့တွင် ဝန်ဆောင်မှုရရှိသည့် ဘဏ်အချို့ကို ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ယူအေဘီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် ရွှေကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့မှလည်း Mobile Banking၊ Internet Banking ၊ Mobile top-up ၊ Other Cards top-up ၊ Bill Payment များ၊ Visa Master Credit Card Payment၊ MPU Cards ၊ All ATMs ၊ Bank Pay များမှ Account to Account Transfer၊ Wallet to Wallet ၊ Bank to Wallet ၊ Wallet to Bank၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် CBM Net ၏ CCT Function စသည့် ဝန်ဆောင်မှုများကို အများပြည်သူများအတွက် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် Wave Money၊ OK$ ၊ M-Pitesan၊ Mytel Pay၊ MPT Money တို့ဖြင့် Mobile top-up၊ Wallet to Wallet ၊ Bank to Wallet၊ Wallet to Bank၊ Air Time top-up ၊ Merchant Cash in / Cash Out တို့ကို ယခင်အတိုင်း ဝန်ဆောင်မှုများကိုလည်း ပြန်လည်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

❖ စာမျက်နှာ ၈ မှ

လူရဲ့ နားစည်အပေါ်မှာ ဖိအားတစ်ခုတိုးလာတာကို ခံစားရပါမယ်။ ရေအနက်နဲ့အတူ ဖိအားပြောင်းလဲမှုဟာ အလွန်သိသာ ထင်ရှားတာကြောင့် ရေအောက်မှာရပ်နေတဲ့ ခြောက်ပေရှည်တဲ့ လူတစ်ယောက်ရဲ့ ခြေထောက်ဟာ သူ့ဦးခေါင်းမှာရှိတဲ့ ဖိအားထက် အနည်းဆုံး 3 pounds psi ကြီးတဲ့ ဖိအား သက်ရောက်ခံရပါမယ်။ ပင်လယ်ထဲမှာ နေထိုင်တဲ့ တိရစ္ဆာန်များစွာဟာ ဖိအားမြင့်မားစွာနဲ့ မည်သည့်အခါမှ ပြဿနာမရှိပါ။ ဥပမာ ဝေလငါးများရဲ့ ခန္ဓာကိုယ်ဟာ ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိတာကြောင့် ဖိအားအပြောင်းအလဲကို ခံနိုင်ပါတယ်။

အဲဒီနောက် နစ်မြုပ်ပြီး ပြိုကျပျက်စီးသွားတဲ့ အလုံပိတ် ရေငုပ်သင်္ဘောကိုယ်ထည်အတွင်းရှိ အမှုထမ်းများ ကြုံတွေ့ရတဲ့အခြေအနေကို ဆက်လက်လေ့လာပါမယ်။

**ပြိုကျပျက်စီးသွားသော DISSUB ရေငုပ်သင်္ဘောအတွင်း၌ ရှင်သန်နေထိုင်ခြင်း**

ရေနက်ပိုင်း ရေအောက်သွားကယ်ဆယ်ရေးယာဉ် (DSRV) လို့ခေါ်တဲ့ Diving bell တစ်မျိုးနဲ့ ၁၉၅၆ ခုနှစ်မှာ လူ ၄၆ ဦး သေဆုံးတဲ့ အီတလီနိုင်ငံက ပင်လယ်ကူးခရီးသည်တင်သင်္ဘော Andrea Doria နစ်မြုပ်မှုမှ ရေအောက်အပျက်အစီးများကို လေ့လာဖို့အတွက် သမုဒ္ဒရာအောက် ပေ ၃၀၀၊ (မီတာ ၉၁.၄) အနက်မှာ တွေးဆချက်ကို အခြေခံတဲ့ လေ့လာမှုတစ်ခုကို ပြုလုပ်ပါမယ်။

အဲဒီ Diving bell ဟာ အိမ်ကဲ့သို့ သက်သောင့်သက်သာရှိမှု များစွာပါဝင်တဲ့ အချင်း ရှစ်ပေ (၂.၄ မီတာ) သာရှိတဲ့ ရေငုပ်သင်္ဘောတစ်စင်းဖြစ်ပါတယ်။ အလုံပိတ်အခန်း (capsule)ရဲ့ အတွင်းပိုင်း လေထုဟာ အပူချိန်နဲ့ စိုထိုင်းဆကို အဆက်မပြတ်စောင့်ကြည့်၊ ထိန်းညှိပေးတဲ့ ပတ်ဝန်းကျင်ထိန်းချုပ်မှုစနစ်တစ်ခုကို တပ်ဆင်ထားတာမို့ အသက်ရှူတဲ့လေဟာ မျက်နှာပြင်ပေါ်ရှိ လေနဲ့ ကွာခြားမှုမရှိပါ။

အရန်ဘက်ထရီပါဝါဟာ လက်ရှိမှာ အလုံပိတ်အခန်းတွင်း၌ ချောက်ချားဖွယ်ဖြစ်တဲ့ အလင်းရောင်မှိန်မှိန်သာ ထောက်ပံ့ပေးနေပါတယ်။ ဒီဘက်ထရီတွေဟာ အနည်းဆုံး ၄၈ နာရီကြာ ခံခဲ့လိမ့်မယ်။ capsule ဟာ လက်မဝက် (၁.၃ စင်တီမီတာ) အထူနံရံများနဲ့ အလွန်မြင့်မားအားကောင်းတဲ့၊ ဖိအားဒဏ် ခံနိုင်ရည်ကောင်းမှု ပမာဏမြင့်မားတဲ့ သံမဏိများနဲ့ တည်ဆောက်ထားတာကို သိရတဲ့အတွက် အနည်းဆုံး နှစ်သိမ့်မှုအချို့ကို ဖြစ်စေပါတယ်။ အဆိုပါ ကိုယ်ထည်ဟာ အတွင်းပိုင်းဖိအားထက် ၁၀ ဆကျော်တဲ့ အပြင်ဘက်ဖိအားကြောင့် ဖိညှစ်ခံရခြင်းမှ ကာကွယ်ပေးပါလိမ့်မယ်။

(ဆက်လက်ဖော်ပြပါမည်)

# ကျန်းမာရေးဝန်ထမ်းများ မိမိတို့ မူလလုပ်ငန်းခွင်သို့ အများအပြား ပြန်လည်ဝင်ရောက်ထမ်းဆောင်လျက်ရှိ

**နေပြည်တော် မေ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မေ ၂၈ ရက်မှ ၂၉ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံကြီးများ၊ ဆေးတက္ကသိုလ်-မန္တလေး၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန-မန္တလေးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲ-မန္တလေးသို့ ကွင်းဆင်းစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၈ ရက် မွန်းလွဲ ၃ နာရီတွင် ပြည်သူ့ဆေးရုံကြီး မိတ္ထီလာမြို့သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက အရေးပေါ်လူနာဌာနတွင် လူနာများကုသမှုပေးနိုင်ရန် ပြင်ဆင်ထားရှိမှု၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ မကြာမီကာလက နိုင်ငံတော်အကြီးအကဲခရီးစဉ်အတွင်း ဆေးရုံကြီးသို့ မိမိလာရောက်စဉ် တွေ့ရှိရသည့် အခြေအနေထက် များစွာတိုးတက်မှုရှိသော်လည်း ဆေးရုံလုပ်ငန်းအင်အားပြည့်ဆောင်ရွက်နိုင်ရေး အားလုံးဝိုင်းဝန်း၍ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်း အားဖြည့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

မေ ၂၉ ရက် နံနက် ၈ နာရီ မိနစ်၂၀ တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင်တွေ့ဆုံကာ ပြည်သူ့ဆေးရုံများ လုပ်ငန်းစွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး အဖွဲ့ဝင်များကလည်း ပြန်လည်တင်ပြဆွေးနွေးသည်။

နံနက် ၁၀ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ မန္တလေးမြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ တာဝန်ခံ/ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မန္တလေးပြည်သူ့ဆေးရုံကြီးအပါအဝင် မြို့ပေါ်ရှိ ဗဟိုအဆင့်ဆေးရုံများ လုပ်ငန်းပုံမှန်ဆောင်ရွက်နိုင်ရေး အထူးအရေးကြီးလျက်ရှိပါကြောင်း၊ မြို့နယ်/တိုက်နယ်ဆေးရုံများ လုပ်ငန်းဆောင်ရွက်မှု တိုးတက်လာနေသည်နှင့်အညီ ညွှန်းပို့ဆေးရုံအဆင့်ဖြစ်သည့် ဆေးရုံကြီးများတွင်လည်း လုပ်ငန်းအမြန်စတင်ရန် လိုအပ်နေပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကုသရေးလုပ်ငန်း ပြန်လည်ကြိုတင်ပြင်ဆင်ရမည့်အချိန် ဖြစ်နေပါကြောင်း၊ မိမိတို့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်/ကုသရေးလုပ်ငန်းဆိုင်ရာ သတ်မှတ် Protocol အတိုင်း မဆောင်ရွက်နိုင်မီ ရောဂါကူးစက်လာနိုင်သဖြင့် လိုအပ်ချက်များ အမြန်ပြင်ဆင်ကြရန် အရေးကြီးလျက်ရှိပါကြောင်း၊ ကုသရေး/ဆေးပညာသင်ကြားရေးတွင် အဓိကပါဝင်နေသည့် သင်ကြားရေးဆေးရုံကြီးများတွင် စံနမူနာပြဖြစ်စေရန် စွမ်းအားပြည့်/အင်အားပြည့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ မိမိတို့သက်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာခြင်းစသည့် ကောင်းမွန်သည့်အမွေကို ဆရာများက မျိုးဆက်သစ် တပည့်များသို့ ပေးအပ်နိုင်ရေး ကြိုးစားဆောင်ရွက်ပေးကြပါရန် ဖြစ်ပါကြောင်း၊ ဆင်းရဲချမ်းသာ/ လူမျိုး/ ဘာသာ/ ရန်သူ မိတ်ဆွေမခွဲခြားဘဲ ဆေးကုသမှု ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် လုပ်ငန်းခွင် ပျက်ကွက်နေသူများကို ပြန်လည်ခေါ်ယူရမည်ဖြစ်ပါကြောင်း၊ စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ Professional မပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ကိုယ်တိုင်ခံယူချက် မှန်ကန်ရန်နှင့် စည်းကမ်း/ကျင့်ဝတ်လိုက်နာရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လူနာများကို ဦးစားပေးရန် လိုအပ်လျက်ရှိပါကြောင်း ဆွေးနွေးကာ တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် အရေးပေါ်လူနာဌာနတွင် လူနာများ လက်ခံကုသနေမှု အခြေအနေ၊ ကင်ဆာရောဂါလူနာများ ဆေးသွင်းကုသခံယူနေမှု၊ အတွင်းလူနာများ လက်ခံကုသနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ကျဆရာဝန်/သူနာပြုများက လိုက်လံရှင်းလင်းပြသခဲ့ပြီး လူနာများကို အားပေးစကားပြောကြားသည်။

မွန်းလွဲ ၂ နာရီတွင် ဆေးတက္ကသိုလ်-မန္တလေး အစည်းအဝေးခန်းမ၌ မန္တလေးမြို့ပေါ်ရှိဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ မော်ကွန်းထိန်းများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆေးပညာသင်ကြားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်စတင်နိုင်ရေး၊ ဝန်ထမ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လက်ရှိဖွင့်လှစ်ထားရှိသည့် ဘွဲ့လွန်သင်တန်းသားများအနေဖြင့် သင်တန်းများတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကာ ကျောင်းခေါ်ချိန် အနည်းဆုံး ၉၀ ရာခိုင်နှုန်းရှိမှသာ စာမေးပွဲဖြေဆိုခွင့်ပြုမည်ဖြစ်ပါသဖြင့် ဌာနမှူးများအနေဖြင့် ကြီးကြပ်ဆောင်ရွက်ရေးတို့အား ဆွေးနွေးမှာကြားကာ တက်ရောက်လာသူများက သင်ကြားရေး၊ စီမံခန့်ခွဲရေး၊ ဝန်ထမ်းရေးရာ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗဟိုအမျိုးသမီးဆေးရုံကြီး-မန္တလေးသို့ ရောက်ရှိခဲ့ပြီး သားဖွားမီးခင်/ မွေးကင်းစလူနာခန်း၊ သားဖွားခန်းများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေးဝန်ထမ်းများလည်း လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လျက်ရှိပြီး ဆေးရုံ၌ အခမဲ့မွေးဖွားမှုနှင့်အတူ ကျန်းမာရေးဝန်ဆောင်မှု ပြန်လည်စတင်နိုင်ပြီဖြစ်သဖြင့် လူနာများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း၊ မွေးကင်းစကလေးငယ်များအတွက် ကာကွယ်ဆေးထိုးလုပ်ငန်း ပြန်လည်စတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မီ မွေးကင်းစကလေးငယ် အထူးကြပ်မတ်ကုသခန်း (Neonatal Intensive Care Unit-NICU) ကို နိုင်ငံတော်က ရန်ပုံငွေအရင်းအနှီးများစွာဖြင့် ဆောင်ရွက်ထားသော်လည်း မွေးကင်းစကလေးလူနာများအတွက် အသုံးပြုနိုင်ခြင်းမရှိသဖြင့် ပြည်သူလူထုအတွက် အလွန်နစ်နာသောကြောင့် ဆေးပစ္စည်းကိရိယာများ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ကာ ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများ လုပ်ငန်းခွင်အမြန်ဝင်ရောက်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ-မန္တလေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲတာဝန်ခံနှင့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အစားအသောက်/ဆေးဝါး ဘေးကင်းလုံခြုံရေးကိစ္စများကို ပုံမှန်စနစ်တကျဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်ဝင်ရောက်နေသည့်ဝန်ထမ်းအင်အားဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျ တာဝန်ခွဲဝေဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**နည်းလမ်းရှာဆောင်ရွက်သွားမည်**

ညနေ ၄ နာရီတွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန-မန္တလေးတွင် အလှူရှင်များက ရန်ပုံငွေများစွာဖြင့် နိုင်ငံတကာအဆင့်မီ ကိုဗစ်-၁၉ ရောဂါရှာဖွေရေးစက်ပစ္စည်းများကို အဆောက်အအုံသစ်၌ တပ်ဆင်လှူဒါန်းထားသော်လည်း အလှူရှင်နှင့် ပြည်သူများကို မျက်ကွယ်ပြုကာ ဝန်ထမ်းများအနေဖြင့် တာဝန်မဲ့စွာ လုပ်ငန်းခွင်ကို စွန့်ခွာလျက်ရှိကြောင်း တွေ့ရှိရသဖြင့် ပြည်သူများ အကျိုးငှာ အဆိုပါဓာတ်ခွဲခန်းတွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းကို အမြန်ပြန်လည် စတင်နိုင်ရေး နည်းလမ်းရှာဆောင်ရွက်သွားမည် ဖြစ်သည်။

ညနေ ၄နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံ တံတားဦးမြို့သို့ ရောက်ရှိပြီး ဆေးရုံအုပ်၊ သူနာပြုဆရာမများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား စစ်ဆေးသည်။ ဆက်လက်၍ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ကာကွယ်ဆေးများ သိုလှောင်ခန်း၊ အတွင်းလူနာခန်းများ၊ မွေးဖွားပြီးလူနာနှင့် မွေးကင်းစလူနာခန်းများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။ မေ ၂၉ ရက်တွင် အတွင်းလူနာ ၄၇ ဦး တက်ရောက်ကုသမှုခံယူလျက်ရှိပြီး ပြင်ပလူနာ ၄၁ ဦး ကုသပေးခဲ့ကြောင်း၊ လက်ထောက်ဆရာဝန်များ လုပ်ငန်းခွင်စွန့်ခွာသွားသော်လည်း မြို့နယ်ကုသရေးဦးစီးဌာနမှူး/ဆေးရုံအုပ်၏ မှန်ကန်သော ခေါင်းဆောင်မှုဖြင့် အခြားဆေးရုံဝန်ထမ်းများက တက်ကြွစွာ ခွဲစိတ်ကုသမှု/မွေးဖွားမှု/ဆေးကုသမှု စသည့်ဆေးရုံလုပ်ငန်း ပုံမှန်စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသဖြင့် ဆေးရုံဝန်ဆောင်မှုအား ယုံကြည်စိတ်ချအားကိုးစွာ လူနာများက ရယူလျက်ရှိကြောင်း၊ ဝန်ထမ်းများကလည်း လူနာများအကျိုးငှာ မိမိတို့၏လုပ်ငန်းတာဝန်များကို ဆရာဝန်/သူနာပြုကျင့်ဝတ်များနှင့် အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကိုလည်း စနစ်တကျအကောင်အထည်ဖော်လျက်ရှိရာ လက်ရှိအချိန်အထိ ၅၂၆၁ ဦး ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်မပျက် ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**✻ ကျောဖုံးမှ**

အသည်းရောဂါဌာန၊ အထူးကြပ်မတ်ကုသဆောင်၊ ဆီးချိုနှင့် ဟော်မုန်းရောဂါဌာနများ ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ဝေဒနာရှင်များအနေဖြင့် သက်ဆိုင်ရာဌာနအလိုက်ပြသ၍ လိုအပ်သော ဆေးဝါးကုသမှုများ ခံယူနိုင်ကြောင်း သိရသည်။

ထို့ပြင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးရှိ ပြင်ပလူနာဌာနများကို ဌာနများအလိုက် ယခင်အချိန်ဇယားများအတိုင်း ရုံးချိန်အတွင်း ဖွင့်လှစ်ထားရှိပြီး ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ ရန်ကုန်တိုင်းဒေသကြီးသာမက ပဲခူး၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီစသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှလည်းလာရောက်၍ ဆေးဝါးကုသမှုခံယူသူ များပြားလျက်ရှိရာ ပြင်ပလူနာဌာနသို့ လာရောက်ပြသသူ တစ်ရက်လျှင် လူနာ ၂၀၀ မှ ၂၅၀ ကြားရှိပြီး လက်ရှိဆေးရုံတက်ရောက်ကုသနေသည့် လူနာဦးရေမှာ ၃၀၀ နီးပါးခန့်ရှိကြောင်း အဆိုပါဆေးရုံကြီးမှ သိရသည်။

**သတင်း- စိမ်းခက်**
**ဓာတ်ပုံ- လင်းလက်**

**❂ ဘိုင်ယန်မြူးနစ်အသင်းမှ**

နာဂျယ်စမန်းဟာ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲသမိုင်းမှာ အသက်အငယ်ဆုံးနည်းပြဖြစ်ပြီး အသက် ၂၈ နှစ်အရွယ်ဖြစ်တဲ့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ဟော်ဖန်ဟိမ်းအသင်းနည်းပြအဖြစ် စတင်တာဝန်ယူ ကိုင်တွယ်ခဲ့တာဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်မှာတော့ နာဂျယ်စမန်းဟာ လိုက်ပ်ဇစ်အသင်းဆီ ပြောင်းရွှေ့ခဲ့ပြီး လိုက်ပ်ဇစ်အသင်းကို စတင်ကိုင်တွယ်ချိန်မှာ ဘွန်ဒက်လီဂါပြိုင်ပွဲမှာ အမှတ်ပေးဇယား တတိယနေရာနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့် အသီးသီးတက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

ယခုနှစ်ဘောလုံးရာသီမှာတော့ နာဂျယ်စမန်းအနေနဲ့ လိုက်ပ်ဇစ်အသင်းကို အသင်းရဲ့ သမိုင်းတစ်လျှောက်မှာ ပထမဆုံးအကြိမ် ဘွန်ဒက်လီဂါချန်ပီယံဖြစ်လာဖို့အထိ စွမ်းဆောင်ပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြ နာဂျယ်စမန်းရဲ့ လိုက်ပ်ဇစ်အသင်းဟာ လက်ကျန်ပွဲစဉ် သုံးပွဲကစားဖို့ ကျန်ရှိနေချိန်မှာ အမှတ်ပေးဇယား တတိယနေရာက ဝုလ်ဖ်ဘတ်အသင်းကို ခုနစ်မှတ်အထိဖြတ်ပြီး ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

လိုက်ပ်ဇစ်အသင်းဟာ ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ၁၆ သင်းအဆင့်အထိ တက်လှမ်းနိုင်ခဲ့ပြီး ၁၆ သင်းအဆင့်မှာ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေထွက်ခဲ့ရပြီး မေ ၃၀ ရက်မှာ ဂျာမန်ပိုကယ်ဖလားဆီမီး ဖိုင်နယ်ပွဲစဉ်အဖြစ် ဝါဒါဘရီမင်အသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့လည်း ရှိနေတာဖြစ်ပါတယ်။

နည်းပြ နာဂျယ်စမန်းအနေနဲ့ လိုက်ပ်ဇစ်အသင်းကို အဲဒီလို ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပေမယ့် လာမယ့်ဘောလုံးရာသီမှာတော့ ဘိုင်ယန်မြူးနစ်အသင်းနည်းပြဖြစ်လာဖို့ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုဖို့ သဘောတူညီထားတာလည်းဖြစ်ပါတယ်။ **ငွေကြယ်**

# ရခိုင်ပြည်နယ်အတွင်းရှိ အထွေထွေရောဂါကုဆေးရုံများတွင် ပြည်သူများအား ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိ

**စစ်တွေ မေ ၃၀**

ရခိုင်ပြည်နယ်အတွင်းရှိအထွေထွေရောဂါကုဆေးရုံများတွင် အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား နေ့စဉ်ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ ခုတင်(၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်လူနာများကို ကုသစောင့်ရှောက်မှု ပေးလျက်ရှိသည့်အပြင် သာမန်လူနာများကို ပြင်ပလူနာဌာနတွင် နေ့စဉ် ၂၄ နာရီ ပုံမှန်ကုသပေးလျက်ရှိသည်။



### ဆေးကုသဆောင်များဖွင့်လှစ်

စစ်တွေဆေးရုံကြီး၌ ပြင်ပလူနာများကို ကြည့်ရှုကုသပေးရာတွင် အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ဖျားနာကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်၊ မျက်စိကုသဆောင်၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသဆောင်၊ သားဖွားမီးယပ်လူနာကုသဆောင်၊ ကလေးလူနာကုသဆောင်၊ စိတ်ကျန်းမာရေးဌာန၊ သွားရောဂါကုဌာန၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာန၊ အရေပြားရောဂါဌာနနှင့် သာမန်အထွေထွေရောဂါကုသရေးဌာန စသော ဆေးကုသဆောင်များ ဖွင့်လှစ်လျက်ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိသည်။

ထို့ပြင် ၂၄ နာရီ ပုံမှန်ဖွင့်လှစ်လျက်ရှိသော အရေးပေါ်နှင့် ပြင်ပလူနာဌာနမှ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးကုသဆောင်များသို့ ပို့ဆောင်ကာ သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများက လိုအပ်သလို အထူးကြပ်မတ်ကုသပေးလျက်ရှိကြောင်း သိရသည်။

အလားတူ မောင်တောခရိုင် ပြည်သူ့ဆေးရုံ၌ သားဖွားမီးယပ်အထူးကု၊ ခွဲစိတ်အထူးကု၊ မေ့ဆေးအထူးကု၊ ကလေးအထူးကုနှင့် အထွေထွေရောဂါကုသမားတော်ကြီးများက နေ့စဉ်ပုံမှန် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံတွင် ကလေးအထူးကုဆရာဝန်ကြီးက တနင်္လာနေ့၊ အထွေထွေရောဂါကုသမားတော်က အင်္ဂါနေ့၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးက ကြာသပတေးနေ့နှင့်မေ့ဆေးအထူးကုဆရာဝန်ကြီးက နေ့စဉ် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီထိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြောက်ဦးခရိုင် ပြည်သူ့ဆေးရုံ၌ ကလေးအထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးနှင့် အထွေထွေရောဂါကုသမားတော်တို့က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံ၌ မျက်စိ အထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ သွားဆရာဝန်နှင့် အရိုးအထူးကုဆရာဝန်တို့က ပြည်သူများအား ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့အတူ သံတွဲခရိုင် ပြည်သူ့ဆေးရုံ၌ ပြည်သူများအား အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်လူနာများကို ကုသစောင့်ရှောက်မှုပေးလျက်ရှိသည့်အပြင် သာမန်လူနာများကိုလည်း ပြင်ပလူနာဌာနတွင် ပုံမှန်ကျန်းမာရေးစောင့်ရှောက် ကုသမှုပေးလျက်ရှိကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ပုသိမ်မြို့ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီး၌ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ကုသပေးလျက်ရှိ

**ပုသိမ် မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် မတ် ၂၄ ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံအုပ် ဒေါက်တာကောင်းမြတ်စိုးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် အထူးကုဆရာဝန်ကြီး ၁၁ ဦး၊ အထူးကုဆရာဝန်ကိုးဦး၊ အထူးကုလက်ထောက်ဆရာဝန်ငါးဦး၊ ရိုးရိုးလက်ထောက်ဆရာဝန်လေးဦး၊ သူနာပြု ၁၀၆ ဦးတို့က နေ့ညမပြတ် လူနာများအား လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မတ် ၁၉ ရက်မှစ၍ ပြင်ပလူနာများကိုလည်း အထူးကုဆရာဝန်ကြီးများက အရိုးရောဂါကို တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ ကလေးရောဂါကို တနင်္လာနေ့နှင့် ကြာသပတေးနေ့တွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ မျက်စိရောဂါကို တနင်္လာနေ့နှင့် ဗုဒ္ဓဟူး နေ့တွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ သားဖွားမီးယပ်ရောဂါကို အင်္ဂါနေ့နှင့် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီထိ လည်းကောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများကို အင်္ဂါနေ့နှင့် သောကြာနေ့တွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ခွဲစိတ်ကုသမှုကို တနင်္လာနေ့ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိနှင့် ဗုဒ္ဓဟူးနေ့တွင် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ကင်ဆာရောဂါကို အင်္ဂါနေ့နှင့် သောကြာနေ့ မွန်းလွဲ ၂ နာရီမှ ၃ နာရီထိ လည်းကောင်း၊ ခုခံကျရောဂါကို ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီမှ ၃ နာရီထိ လည်းကောင်း လက်ခံကုသပေးလျက်ရှိသည်။



ကိုဗစ်-၁၉ ကာလဖြစ်သည့်အတွက် သံသယလူနာများကိုလည်း စစ်ဆေးပြီး ပိုးတွေ့ရှိပါက ကိုးသိန်းဆေးရုံတွင် လက်ခံကုသပေးလျက်ရှိကြောင်း ခုတင်(၅၀၀)ဆံ့ ဆေးရုံအုပ်ဒေါက်တာကောင်းမြတ်စိုးက ပြောသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများ၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိ

**ထားဝယ် မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီးအပါအဝင် ဆရာဝန် ၂၂ ဦးဖြင့် မတ် ၁၇ ရက်မှစ၍ လူနာများအား ဆေးဝါးများ စတင်ကုသပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဝန်ထမ်းဦးရေနည်းပါးသော်လည်း လာရောက်သောလူနာများကိုလက်ခံပြီး ကုသပေးလျက်ရှိရာ သားဖွားနှင့် မီးယပ်ဌာနကို တနင်္လာနှင့် ဗုဒ္ဓဟူး နှစ်ရက် ဆေးဝါးကုသပေးခဲ့ပြီး ပြင်ပအရေးပေါ် လူနာဌာနကို နေ့စဉ် ၂၄ နာရီဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။

### ပြန်လည်ကုသပေးသွားမည်

ထို့ပြင် မြိတ်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ မေ ၁ ရက်မှ စတင်ကာ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းနှင့် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူရမည့် ဝေဒနာရှင်များအား ပြန်လည်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအား မေလအတွင်း စတင်ဆောင်ရွက်ရာတွင် ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ အရိုးအကြော၊ စိတ်ကျန်းမာရေးနှင့် သွားရောဂါဝေဒနာရှင်များကို ခွဲစိတ်ခွဲ၊ ခွဲစိတ်မှန် အပါအဝင် ဆေးပညာအထူးကု၊ ဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်၊ သူနာပြုများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်ပြီး အရေးပေါ်ဌာနကို နံနက် ၈ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ကုသပေးမည်ဖြစ်ကြောင်းနှင့် အထူးကုပြင်ပအနေဖြင့် စိတ်ကျန်းမာရေးနှင့် သွားရောဂါကို ဖွင့်လှစ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

### ၂၄ နာရီ ဖွင့်လှစ်

ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ပြည်သူများ၏ ကျန်းမာရေးကုသမှုလုပ်ငန်းများအား ခရိုင်ဆေးရုံအုပ်ကြီး အပါအဝင် ကလေးအထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီးနှင့် သွားဘက်ဆိုင်ရာအထူးကု ဆရာဝန်အပါအဝင် ဆရာဝန်ခြောက်ဦး၊ သူနာပြုဆရာမကြီး သုံးဦး၊ သူနာပြု နှစ်ဦးဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ကုသမှုလုပ်ငန်းများကို အလှည့်ကျဆောင်ရွက်ပေးလျက်ရှိပြီး သူနာပြုဝန်ထမ်းအင်အား မလုံလောက်မှုကြောင့် အရေးပေါ်အကြီးစားခွဲစိတ်ကုသမှုနှင့် ဆေးရုံတက်ရောက်ကုသမည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း အရေးပေါ်ပြင်ပလူနာအဖြစ် လာရောက်ကုသမှုလုပ်ငန်းများကိုမူ နေ့စဉ် ၂၄ နာရီ ဖွင့်လှစ်ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# လှိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**လွိုင်ကော် မေ ၃၀**

ကယားပြည်နယ် လွိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား ပြည်သူများသာမကရပ်နီးရပ်ဝေးမှ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာကိစ္စများ၊ ကာကွယ် ကုသရေးဆိုင်ရာကိစ္စများနှင့် အရေးပေါ် ကျန်းမာရေးကိစ္စများကို ကျန်းမာရေးဝန်ထမ်းများက နေ့စဉ် နေ့/ည မပြတ် ကုသစောင့်ရှောက်ပေးလျက်ရှိသည်။

လွိုင်ကော်မြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ဌာနကို နေ့/ည မပြတ် ၂၄ နာရီ ဖွင့်လှစ်ကုသစောင့်ရှောက်ပေးလျက်ရှိပြီး အမျိုးသမီးရောဂါများအတွက် တနင်္လာနေ့၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ဗုဒ္ဓဟူးနေ့၊ အရိုးနှင့် အကြောဝေဒနာရှင်များအတွက် တနင်္လာနေ့နှင့် ကြာသပတေးနေ့၊ သွားနှင့် ခံတွင်းဆိုင်ရာရောဂါများ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါများ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် သက်ဆိုင်သည့် ရောဂါများ၊ ကလေးငယ်များနှင့် ပတ်သက်သည့် ရောဂါများနှင့် အထွေထွေရောဂါများကို နေ့စဉ် ကုသပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အစ္စရေးနိုင်ငံ၌ ဘာသာရေးပွဲတော်တစ်ခုအတွင်း လူအုပ်ပြိုကျမှုဖြစ်ပွား၊ အနည်းဆုံး ၄၄ ဦး သေဆုံး



**ဂျေရုဆလင် ဧပြီ ၃၀**

အစ္စရေးနိုင်ငံမြောက်ပိုင်းတွင် ကျင်းပပြုလုပ်သည့် ဘာသာရေးဆိုင်ရာပွဲတော်တစ်ခု၌ လူအုပ်ပြိုကျမှု ဖြစ်ပွားခဲ့ရာ ၄၄ ဦး သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံ၏ မြောက်ပိုင်းရှိ မီရွန်တောင်၌ ဂျူးလူမျိုးများ၏ ရိုးရာဘာသာရေး ပွဲတော်တစ်ခု ကျင်းပစဉ် အဆိုပါလူအုပ်ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။


လူအုပ်ပြိုကျမှုကြောင့် ပွဲတော်သို့ လာရောက်သူ အနည်းဆုံး ၄၄ ဦး သေဆုံးခဲ့ပြီး ၁၅၀ ကျော် ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါပွဲတော်သို့ လူတစ်သိန်းခန့် တက်ရောက်ခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

အစ္စရေးနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ ဖြေလျှော့ခဲ့ပြီး သည့်အချိန်မှစပြီး အဆိုပါဘာသာရေးပွဲတော် သည် လူအစည်ကားဆုံးသော ပွဲတော်တစ်ခုဖြစ် ကြောင်း ဒေသန္တရမီဒီယာက သတင်းဖော်ပြ သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်သုံးစွဲရန် အင်ဒိုနီးရှားနိုင်ငံ အတည်ပြု




**ဂျကာတာ ဧပြီ ၃၀**

အင်ဒိုနီးရှားအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး အာဏာပိုင်အဖွဲ့သည် တရုတ်နိုင်ငံ၏ Sinopharm ဆေးဝါး ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံ အတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုလိုက်ကြောင်း တရားဝင် သတင်းရင်းမြစ်တစ်ခုက ယနေ့ဖော်ပြထားသည်။

အင်ဒိုနီးရှား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး အာဏာပိုင်အဖွဲ့သည် ယူအေအီးနိုင်ငံနှင့် အခြားနိုင်ငံများ၌ တတိယအဆင့်အထိ လက်တွေ့စမ်းသပ်မှုများအပေါ် အခြေခံ၍ အဆိုပါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေး အာဏာပိုင်အဖွဲ့အကြီးအကဲ ပဲန်နီ လူကီတိုက ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကြောင့် ထိခိုက်သွားသည့်ပြည်သူများ၏ လူနေမှုဘဝ ပုံမှန် အနေအထားပြန်ဖြစ်နိုင်ရေးအတွက် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံ တစ်ဝန်း ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အတွက် အသုံးပြု မည်ဖြစ်သည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံရှိ ကုမ္ပဏီများနှင့် တရားဝင်အဖွဲ့အစည်းများသည် ၎င်းတို့၏ ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးရေး စီစဉ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

အင်ဒိုနီးရှားအစိုးရသည် Sinovac ဆေးဝါးကုမ္ပဏီထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ PT Bio Farmaနှင့် Sinovac ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဗြိတိန်-ဆွီဒင် ဆေးဝါး ကုမ္ပဏီများမှ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နိုင်ငံအတွင်း အရေးပေါ် သုံးစွဲရန် ယခင်က အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ သုံးဦး ပြင်သစ်နိုင်ငံတွင် တွေ့ရှိ

**ပါရီ ဧပြီ ၃၀**

အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိသည့် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦးအား နိုင်ငံ အတွင်း တွေ့ရှိခဲ့ကြောင်း ပြင်သစ်ကျန်းမာ ရေးဝန်ကြီး အိုလီဗီယာဗီယန်က ယနေ့ ပြောကြားသည်။

အိန္ဒိယနိုင်ငံမှ ပြင်သစ်သို့ ရောက်ရှိ လာသူ သုံးဦးတွင် အဆိုပါ ဗိုင်းရပ်စ် ကူးစက် ခံရသည်ကို တွေ့ရှိခဲ့ရပြီး ၎င်းတို့အချင်းချင်း ပတ်သက်ဆက်စပ်မှုမရှိသည်ကို တွေ့ရှိရ ကြောင်း ဗီယန်က ပြောကြားသည်။ ၎င်း ခရီးသည်များကို လိုအပ်သော ဆေးဝါး ကုသမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ပြင်သစ်နိုင်ငံတွင် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရမှုအပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူအရေ အတွက် များပြားလာသဖြင့် မတ်လအကုန် မှစတင်ပြီး အသွားအလာကန့်သတ်မှုများ တတိယအကြိမ် ချမှတ်ခဲ့သည်။

နိုင်ငံအတွင်း ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၆၅၃၈ ဦး တွေ့ရှိခဲ့ရ သောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅ ဒသမ ၅၉ သန်းကျော်ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

❐

## အိန္ဒိယနိုင်ငံ ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ အောက်စီဂျင်အိုးပေါက်ကွဲ၊ လူတစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရ

**နယူးဒေလီ ဧပြီ ၃၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွင် ဧပြီ ၃၀ ရက်က အောက်စီဂျင် ဖြည့်တင်းသည့် ဌာနတစ်ခု၌ အောက်စီဂျင်အိုး ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် လူတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဥတ္တာပရာဒေ့ရှ်ပြည်နယ် မြို့တော်လက်ခနောင်း၏ အနောက်တောင်ဘက် ၉၄ ကီလိုမီတာအကွာရှိ ကမ်ပါမြို့မှ ဒါဒါနာဂါစက်မှုဇုန်ဒေသရှိ အောက်စီဂျင်ထုတ်လုပ်သည့် စက်ရုံတွင် ယင်းမတော်တဆမှုဖြစ်ပွားခြင်းဖြစ်သည်။ အောက်စီဂျင်အိုး ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည့် အလုပ်သမားကို အနီးဆုံးရှိဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်းနှင့် ဆေးရုံသုံးအောက်စီဂျင် ခါတ်ငွေ့ဖြည့်သွင်းစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဇော်ဝင်း**

## ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sputnik V အား တူရကီနိုင်ငံ၌ အရေးပေါ်သုံးစွဲရန်အတည်ပြု

**အစ္စတန်ဘူလ် ဧပြီ ၃၀**


ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေး Sputnik V အား တူရကီနိုင်ငံတွင် အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ကြောင်း တူရကီကျန်းမာရေးဝန်ကြီး ဖာရန်တန် ကိုကာက ယနေ့ ပြောကြားသည်။

လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ပြီးသည့်နောက်တွင် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲရန် တူရကီနိုင်ငံဆေးဝါး နှင့် ဆေးဝါးပစ္စည်းဆိုင်ရာအေဂျင်စီက ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ကိုကာက ပြောကြားသည်။ ရုရှားနိုင်ငံထံမှ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံး ရေသန်း ၅၀ ဝယ်ယူရန် သဘောတူညီချက်ကို တူရကီနိုင်ငံက လက်မှတ်ရေးထိုးခဲ့ ကြောင်း ကိုကာက ပြောကြားသည်။ ၎င်း ဝယ်ယူထားသော ကာကွယ်ဆေးများ အနက်မှ ပထမအသုတ်သည် တူရကီ နိုင်ငံသို့ မေလအတွင်း ရောက်ရှိမည်ဖြစ် ကြောင်း သိရသည်။

တူရကီနိုင်ငံတွင် တရုတ်နိုင်ငံမှ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးနှင့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးများအား သုံးစွဲခွင့်ပြုခဲ့ပြီးနောက် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးမှာ တတိယမြောက် သုံးစွဲခွင့်ပြုခဲ့ သည့် ကာကွယ်ဆေးဖြစ်လာသည်။ ယခုအချိန်တွင် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံအလောက်ရှိ ကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြောကြားသည်။

နိုင်ငံအတွင်းတွင် ဇန်နဝါရီလလယ်မှ စတင်ပြီး တရုတ်နိုင်ငံမှ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုပြီး ကာကွယ်ဆေးထိုးလုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၂၂ ဒသမ ၈ သန်းအား ထိုးနှံပေးခဲ့ရာတွင် ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးသူ ၁၃ ဒသမ ၇ သန်းကျော်နှင့် အကြိမ်ရေအပြည့် ထိုးနှံပြီးစီးသူ ၉ ဒသမ ၁ သန်းကျော်ရှိ ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန် သော အချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၁၅၀ ကျော်ရှိလာ

**ဝါရှင်တန် မေ ၃၀**
ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ သန်း ၁၅၀ ကျော်အထိ ရောက်ရှိသွားပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၄ နာရီအထိ ကမ္ဘာတစ်ဝန်း၌ကိုဗစ်–၁၉ရောဂါကူးစက်ခံရသူပေါင်း ၁၅၀၁၂၄၂၄၈ ဦးရှိပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းစ် တက္ကသိုလ်၏ ကိန်းဂဏန်းများအရ သိရသည်။



အမေရိကန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၃၂၂၈၈၇၆၄ ဦးရှိပြီး ဗိုင်းရပ်စ်ကူးစက်ခံရသည့် ကမ္ဘာ့နိုင်ငံများအနက် ကူးစက်မှုအရေအတွက် အများဆုံးဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၈၃၇၆၅၂၄ ဦးဖြင့် ဒုတိယအများဆုံး၊ ဘရာဇီးနိုင်ငံသည် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄၅၉၀၆၇၈ ဦးဖြင့် တတိယအများဆုံးဖြစ်သည်။ ထို့ပြင် ပြင်သစ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၆၅၃၅၃၃ ဦးနှင့် တူရကီနိုင်ငံတွင် ဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၇၈၈၇၀၀ ရှိပြီး ဗိုင်းရပ်စ်ကူးစက်မှု စတုတ္ထနှင့် ပဉ္စမအများဆုံး နိုင်ငံများဖြစ်သည်။

အလားတူ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူ ၃၁၆၁၉၇၁ ဦးရှိလာခဲ့ပြီဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ နေ့စဉ်ဗိုင်းရပ်စ်ကူးစက်မှု နှုန်းသည်လည်း မြင့်တက်လာလျက်ရှိပြီး ဧပြီ ၂၃ ရက်တွင် နေ့စဉ်ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၁၂၉၉၁ ဦး စံချိန်တင်တွေ့ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု အမြင့်မားဆုံးအခြေအနေသို့ ရောက်ရှိလျက်ရှိပြီး အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ် ယိုင်လဲကာ လူနာများ သေဆုံးရသည့် အခြေအနေသို့ ဆိုက်ရောက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတကာမှ အကူအညီများကို လက်ခံလျက်ရှိသည့်အတွက် ဗြိတိန်၊ အမေရိကန်နှင့် အခြားသောနိုင်ငံများက ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းထောက်ပံ့မှုများ ပို့ဆောင်ပေးလျက်ရှိသည်။ ဂျပန်နိုင်ငံကလည်း အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများကို အိန္ဒိယနိုင်ငံသို့ ပေးပို့ပေးခဲ့သည်။ ဂျပန်ကား ထုတ်လုပ်ရေးကုမ္ပဏီ ဆူဇူကီးက အောက်ဆီဂျင်ဓာတ်ငွေ့ကို ချွေတာသည့်အနေဖြင့် အိန္ဒိယနိုင်ငံအတွင်းရှိ ၎င်း၏ကားစက်ရုံများ၌ အောက်ဆီဂျင်သုံးစွဲမှုကို ရပ်ဆိုင်းထားကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**



# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ လေးသိန်းကျော်ရှိလာ

**ရီယိုဒီဂျနေးယိုး မေ ၃၀**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း၌ ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ ဦးရေ ၃၀၀၁ ဦးရှိပြီး နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူဦးရေ စုစုပေါင်းသည် ၄၀၁၁၈၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ စမ်းသပ်စစ်ဆေးမှုအသစ် ၆၉၃၈၉ ဦးအား ပြုလုပ်ခဲ့သဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ယင်းစမ်းသပ်မှုပေါင်း ၁၄၅၉၀၆၇၈ ဦး အထိပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်တင်အမေရိက ဒေသတွင်းနိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံတွင် ယခုနှစ် ဧပြီလသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ကပ်ရောဂါစတင်ဖြစ်ပွားစဉ်ကတည်းက စ၍ ယင်းရောဂါဖြင့် လူသေဆုံးမှုနှုန်း အမြင့်မားဆုံး ဖြစ်သည်။

လူဦးရေ ၄၆ သန်းခန့်နေထိုင်သည့် ဆော်ပေါ်လို ပြည်နယ်သည် ဘရာဇီးနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး ရောဂါ ကူးစက်ဖြစ်ပွားသူဦးရေ ၂၈၈၁၅၈ ဦးနှင့် ယင်း ရောဂါဖြင့် သေဆုံးသူဦးရေမှာ ၉၅၃၂ ဦးအထိရှိသည်။

ဘရာဇီးနိုင်ငံတွင် ၂၀၂၁ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုလှိုင်းသစ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ယင်း၏ ရလဒ်အဖြစ် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ ကြီးမားသော အစိတ်အပိုင်းများ ပြိုလဲခဲ့ရသည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဇော်ဝင်း**

# ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ ၈၀ ဒသမ ၅ သန်းကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထပ်ဆောင်းရန်ပုံငွေအဖြစ် သီရိလင်္ကာနိုင်ငံအား ပေးအပ်

**ကိုလံဘို မေ ၃၀**
သီရိလင်္ကာနိုင်ငံ၏ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုး လုပ်ငန်းများအား အထောက်အကူပြုရန်၊ နိုင်ငံတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ စနစ်တကျ ဖြန့်ဖြူးနိုင်ရန်နှင့် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ ၈၀ ဒသမ ၅ သန်းကို ထပ်ဆောင်းရန်ပုံငွေအဖြစ်ပေးအပ်ရန် ယမန်နေ့က အတည်ပြုခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ၏ ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ရန်ပုံငွေအဖြစ် ကန်ဒေါ်လာ ၁၂၇ ဒသမ ၅၆ သန်းကို ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် အဆိုပါဘဏ်က ပေးအပ်ခဲ့သည်။ ယခုထပ်မံပေးအပ်လိုက်သည့် ရန်ပုံငွေ ကန်ဒေါ်လာ ၈၀ ဒသမ ၅သန်းသည် နိုင်ငံလူဦးရေ လေးသန်းခန့်အတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ဝယ်ယူရန်နှင့် နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သော လူဦးရေ၏ ၆၀ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအထောက်အကူပြုမည်ဖြစ်သည်။ အဆိုပါ ထပ်ဆောင်းရန်ပုံငွေသည် သီရိလင်္ကာနိုင်ငံ အမျိုးသား ကာကွယ်ဆေးဖြန့်ကျက်မှုအစီအစဉ်ကို အကောင် အထည်ဖော်ဆောင်ရာတွင် အကူအညီပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကပြောကြားသည်။

သီရိလင်္ကာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ရောဂါ စစ်ဆေးရေး၊ ရောဂါပိုးရှိသူများအား ခြေရာခံခြင်းနှင့် ရောဂါကုသရေးတို့တွင် ကြုံတွေ့ရသော အခက်အခဲများကို လျင်မြန်စွာကျော်လွှားနိုင်ခဲ့သည်ကို မိမိတို့ တွေ့ရှိခဲ့ရပြီး ထိုကဲ့သို့ ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ နိုင်ငံ၏ ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကြောင့်ဖြစ်ကြောင်း မော်လဒိုက်၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံများဆိုင်ရာ ကမ္ဘာ့ဘဏ်၏ ဌာနေ ကိုယ်စားလှယ် ဖာရစ် အိချ်ပ်ဟာဒက်ဇာဘော့က ပြောကြားသည်။ သို့ရာတွင် သီရိလင်္ကာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ကာကွယ်ရန်နှင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ပိုမိုကောင်းမွန် စေရန်အတွက် စဉ်ဆက်မပြတ် ငွေကြေးထောက်ပံ့မှု များလိုအပ်မည်ဖြစ်ပြီး ထိုကဲ့သို့ ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများမှနေ၍ ကာကွယ်ဆေးထိုးလုပ်ငန်း များနှင့် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ကို တိုးမြှင့်ဆောင်ရွက်ကာ နိုင်ငံသားများအား ကိုဗစ်–၁၉ ရောဂါကူးစက်မှုဘေးမှ တားဆီးပေးနိုင် မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကိုလံဘိုမြို့တော်အပါအဝင် အနောက်ပိုင်းပြည်နယ်အတွင်းရှိနိုင်ငံသား ၉၀၀၀၀၀ ကျော်အား ကိုဗစ်–၁၉ရောဂါကာကွယ်ဆေးထိုးနှံ ပေးခဲ့ပြီး လာမည့်လအတွင်း ကာကွယ်ဆေးများ ထပ်မံ ရောက်ရှိလာသည့်အချိန်တွင် ကာကွယ်ဆေးထိုးနှံရေး လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်သွားမည်ဟု သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ပိုမိုတင်းကျပ်သောအသွားအလာကန့်သတ်မှု ချမှတ်

**ဗီယင်ကျန်း မေ ၃၀**
လာအိုအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ပိုမို တင်းကျပ်သောအရေးယူ ဆောင်ရွက်မှုများချမှတ်ရန် ဒေသဆိုင်ရာတာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း လာအိုနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားကော်မတီက ယနေ့ပြောကြားသည်။

လာအိုနိုင်ငံ၏ အက်တာပျူး ရှေဆွမ်ဘွန်းနှင့် ဟွာဖန် အစရှိသည့်ပြည်နယ်များတွင် လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ တစ်စုံတစ်ဦးမျှ မရှိသေးသော် လည်း ကျန်ပြည်နယ်အားလုံးတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုများ ချမှတ်ခဲ့ကြောင်း ဗီယင်ကျန်းတိုင်းမ်သတင်းစာက ယနေ့ဖော်ပြထားသည်။

လာအိုနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် ဧပြီ ၂၈ ရက်က ပြည်နယ်အဆင့်၎င်း၏ အဖွဲ့အစည်းများနှင့် အတူ ကိုဗစ်–၁၉ ရောဂါ ဆိုင်ရာအစည်းအဝေးတစ်ရပ်ကို ဗီဒီယိုကွန်ဖရင့်မှ တစ်ဆင့် ကျင်းပပြုလုပ်ခဲ့ရာ ပြည်နယ်အာဏာပိုင်များအား ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေး ဆိုင်ရာ ကြိုးပမ်းအားထုတ်မှု အရှိန်မြှင့်လုပ်ဆောင်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။

တစ်ဆက်တည်းမှာပင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေး ဆိုင်ရာ အမျိုးသားကော်မတီအကြီးအကဲ ကီကီယိုခေခမ်ဖီသွန်းက ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများနှင့် ထိတွေ့မှုရှိသည်ဟု ယူဆရသောလူများကို အမြန်ဆုံး ခြေရာခံလိုက်ရှာပြီး ကိုဗစ်–၁၉ ရောဂါ ပိုးစမ်းသပ်စစ်ဆေးမှုပြုလုပ်ရမည်ဟု အစည်းအဝေးတက်ရောက်သူများအား မှာကြားသည်။

ထို့အပြင် လာအိုနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်ရန် အတွက် နယ်စပ်မျဉ်းများတွင် ကင်းလှည့်မှုများ ဆက်လက်လုပ်ဆောင်ရန်နှင့် နိုင်ငံ အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ပိတ်ထားသည့်နေရာများတွင် ပြည်သူများအနေဖြင့် အမိန့်နာခံမှု ရှိ၊ မရှိ စစ်ဆေးမှုများ ဆက်လက်လုပ်ဆောင် ကြရန် ကီကီယိုက ပြည်နယ်အာဏာပိုင်များအား အလေးထားမှာကြားခဲ့သည်။

လာအိုနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကို ယမန်နှစ် မတ် ၂၄ ရက်က စတင်တွေ့ရှိခဲ့ပြီး ထိုအချိန်မှ စ၍ လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာပေါင်း ၆၇၂ ဦး ရှိလာခဲ့သည်။ သို့သော် လာအိုနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူများအနက်လူနာ၅၀သည်ရောဂါမှပြန်လည်ကျန်းမာသွားကြောင်း အစိုးရမှ ထုတ်ပြန်သည့်နောက်ဆုံး အချက်အလက်များအရ သိရသည်။
**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

**ကမ္ဘာတစ်ဝန်း**
**ကိုဗစ်-၁၉ ရောဂါဆိုင်ရာ**
**နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ**
**၁၅၁၂၇၄၂၂၂ ဦး**

**သေဆုံးသူ**
**၃၁၈၂၃၇၆ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၁၂၈၆၇၁၅၁၃ ဦး**


# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၆)ရပ်ကွက်၌ နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှုကျူးလွန်ခဲ့သူကို ပြစ်ဒဏ်ချမှတ်

**နေပြည်တော် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၆) ရပ်ကွက် မင်္ဂလာသုခ(၃)လမ်း အမှတ်(၁၂၄၅)၊ စိမ့်စိမ့်ဝင်းဖြူ(ခ) စုံစုံ(ဘ)ဦးမြင့်လွင်၏ နေအိမ်ကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် ရဲတပ်ဖွဲ့ဝင်များက သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

**ထောင်ဒဏ်(၇)နှစ်**

ထိုသို့ စစ်ဆေးခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ မတရားအသင်းအဖြစ် သတ်မှတ်ထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)အား ထောက်ခံအားပေး၍ အဆိုပါအဖွဲ့အစည်းတွင် ပါဝင်ရန် လက်ကိုင်ဖုန်း အသုံးပြု၍ Online Telegram Application နှင့် Messenger Application တို့မှ တစ်ဆင့် လှုံ့ဆော်ဆောင်ရွက်နေခြင်း၊ ၎င်းကိုင်ဆောင်သော IPhone-X အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတွင် Myo Ma Khin နှင့် Selena Seint အမည်ဖြင့် Facebook Account နှစ်ခု အသုံးပြုပြီး ဆန္ဒပြခဲ့သည့်ပုံများ ပို့စ်တင်ခဲ့ခြင်း၊ Selena Seint Facebook Account ဖြင့် ချိတ်ဆက်ထားသော Messenger Application တွင် စစ်အာဏာရှင်အစိုးရ ကန့်ကွက်သူများ Messenger Group ဖွဲ့၍ အကြမ်းဖက်ဆန္ဒပြမှုနှင့် ပတ်သက်သော သတင်းများ၊ ဖမ်းဆီး



စိမ့်စိမ့်ဝင်းဖြူ(ခ)စုံစုံ

ထိန်းသိမ်းခံရသော သူများနှင့် ပတ်သက်သော သတင်းများကို အခြားသူများနှင့် အပြန်အလှန် ပေးပို့ခြင်း၊ Selena Seint Facebook Account ဖြင့် ချိတ်ဆက်ထားသော Telegram Application တွင် "မြန်မာ့နိုင်ငံရေး အကြောင်း ဆွေးနွေးကြမယ်" အမည်ရှိ Group တစ်ခုအား Owner အဖြစ် ဖွဲ့စည်းထားရှိပြီး မတ် ၂၇ ရက် ည ၇ နာရီခွဲတွင် ပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ မြန်မာ့တော်လှန်ရေး Zoom Meeting ဖိတ်ကြားစာအား အခြားသူများထံသို့ ပေးပို့ခဲ့ခြင်း တို့ကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြင့် နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အီလက်ထရောနစ်ပုဒ်မ-၃၃(က) အရ ဧပြီ ၂၉ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ်(၇)နှစ်" အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law)အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာလွန်ချမ်းသာ**




**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။ နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၁၀**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

**ပေါက်ကွဲမှုဖြစ်ပွား**

ထိုသို့လုပ်ဆောင်ရာတွင် ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် ၇၈ လမ်းနှင့် ကျွဲဆည်ကန်(၆)လမ်းထောင့်ရှိ UAB ဘဏ်ရှေ့၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ် ရပ်ကွက် (၃၆)လမ်း၊ (၆၉)လမ်းနှင့် (၇၀)လမ်းကြားရှိ စည်ပင်ဝန်ထမ်းအိမ်ရာ၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၊ သုမင်္ဂလာလမ်းနှင့် ခေမာသီလမ်း



ပြည်ကြီးတံခွန်မြို့နယ် UAB ဘဏ်ရှေ့၌ လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံကို တွေ့ရစဉ်။

ထောင့်ရှိ မြို့နယ်ခန်းမရှေ့လမ်းမ၌လည်းကောင်း၊ ယနေ့နံနက် ၉ နာရီ ၅၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ (၆၅)လမ်း၊ (၃၃)လမ်းနှင့် (၃၄)လမ်းကြား၊ ပါရမီလမ်းသွယ်ရှိ တရားရုံးဝန်ထမ်းလိုင်းခန်း၌လည်းကောင်း အကြမ်းဖက်သောင်းကျန်းသူများက လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ထွက်ပြေးသွားသဖြင့် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ဧပြီ ၂၉ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၉) ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးကို အကြမ်းဖက်သူ အမျိုးသားသုံးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာကာ မီးပုလင်းဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပြီး ပစ်ပေါက်မှုကြောင့် ရုံးပြတင်းပေါက် တံခါးမှန်သုံးချပ်ကွဲအက်ပျက်စီးခဲ့ကာ မီးလောင်ကျွမ်းမှုမရှိကြောင်း သိရသည်။

ထို့ပြင် ယနေ့ နံနက် ၇ နာရီတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်စေတနာရပ်ကွက်၊ တောင်တွင်းလမ်းနှင့် အဝေရာလမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင် လက်လုပ်မိုင်းတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါ လက်ဖက်ရည်ဆိုင်၏ မြောက်ဘက်ခြမ်း ခြံစည်းရိုးဘေးတွင် အပြာရောင်လက်ဆွဲအိတ်တစ်လုံးအတွင်းမှ အဝါရောင်တိပ်ပတ်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်း တစ်လုံးကို တွေ့ရှိရသဖြင့် အများပြည်သူအန္တရာယ်မဖြစ်စေရေးအတွက် အဆိုပါ ချိန်ကိုက်မိုင်းအား စစ်မြေပြင် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းသိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆေးပေးခန်းထဲ ပင့်ကူတွေလည်း အခိုင်အမာအိမ်ရာဖွဲ့ ...

စာချစ်သူ

သည်နေ့ ဘာရယ်မှန်းမသိ၊ သီချင်းလေးတစ်ပုဒ်ကို နှုတ်က အကြိမ်ကြိမ် ဆိုညည်းနေမိ၏။ သည် သီချင်းက နှစ်ကာလ အတော်ကြာခဲ့ပါပြီ။ ပြီးတော့ အကျိုးပြုတေးသီချင်းတစ်ပုဒ်ဖြစ်သည်။

၁၉၈၀ ကျော်လွန်နှစ်များက ထုတ်ဝေဖြန့်ချိတဲ့ တေးစီးရီးအခွေတိုင်းမှာ အကျိုးပြုတေးသီချင်း စာသားတစ်ပုဒ် ထည့်သွင်းဖော်ပြရသည့်ပေါ်လစီ ရှိသည်။ အချို့က အတုံးလိုက် အတစ်လိုက်၊ အချို့ကား အကျိုးပြုစာသားဖြစ်ပေမယ့် အဓိပ္ပာယ်ပြည့်ဝရုံမက အနုပညာအရလည်း ရသဂုဏ်မြောက်ကြသည်။

ယခုကျွန်တော့်နှုတ်ကသူ့အလိုလိုစီးဆင်းလာပြီး ဆိုညည်းမိသည့် အကျိုးပြုတေးသီချင်းကတော့ ကွယ်လွန်သူ နိုင်ငံကျော်အဆိုတော် ကိုငှက် (ထူးအိမ်သင်)ရဲ့ ၁၉၈၆ ခုနှစ်က ပထမဆုံး ထွက်ခဲ့သော "နာရီပေါ်မှ မျက်ရည်စက်များ" တေးစီးရီး အယ်လ်ဘမ်ထဲမှ သီချင်းတစ်ပုဒ်။

တေးရေးက ကိုငှက် ကိုယ်တိုင်လို့ မှတ်မိနေသည်။ သီချင်းခေါင်းစဉ်က သူငယ်ချင်းအတွက်တဲ့။ သီချင်းစာသားအချို့ကိုလည်း ယနေ့တိုင် မမေ့နိုင်သေးပါ။

**"ကလေးများအားလုံးလည်း စာသင်မယ့် ဆရာကို မျှော်နေတယ် ...**

**အို စာသင်ခုံတွေလည်း ဖရိုဖရဲ ပိုးစားခြကိုက်နဲ့ ...**

**ခေါင်းလောင်းကြီးလည်း အိပ်ပျော်နေဆဲ အသံမမြည်နိုင်ရှာတယ် ...**

**စာအံသံတွေ ကြားချင်ပါတယ် ကွက်လပ် ဖြည့်လိုက်ပေါ့ကွယ် ....။**

**ထို့အတူ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့်** Social Punishment **ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့်အခြေအနေများကို စိုးရိမ်ပူပန်ခြင်းစသည့် အကြောင်းတစ်ရပ်ရပ်ကြောင့်** CDM **လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသဖြင့် အရေးယူခံခဲ့ရသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံ့တာဝန်များ ပြန်လည်ထမ်းဆောင်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ကို သိမှသိကြပါလေစဟု တွေးပူမိပြန်။**

"ကျေးလက်က ဆရာသူငယ်ချင်းရယ် ခေါင်းလောင်းကြီးအသံတွေ ချိုမြမယ် ....

အားလုံးအတွက် တာဝန်တွေထမ်းဆောင်မယ့် မင်းအတွက် တို့ဂုဏ်ယူလိုက်ပါတယ်။

"ဆေးပေးခန်းထဲ ပင့်ကူတွေလည်း အခိုင်အမာအိမ်ရာဖွဲ့ ...

အို လူနာခုတင်တွေလည်း ဖရိုဖရဲ ပိုးစား ခြကိုက်နဲ့ ဆင်းရဲလွန်းတဲ့ဘဝတွေ ...

တကယ်ပဲချူချာနေရှာတယ် လူတွေအကုန် ...

ကျန်းမာရေးအတွက် ကွက်လပ်ဖြည့်လိုက် ပေါ့ကွယ် ....။

"ကျေးလက်က ဒေါက်တာသူငယ်ချင်းရယ် စိတ်ဓာတ်လေး ဖြူစင်သန့်ရှင်းတယ်

အားလုံးအတွက် တာဝန်တွေထမ်းဆောင်မယ့် မင်းအတွက် တို့ဂုဏ်ယူလိုက်ပါတယ်။

ကလေးများအားလုံးလည်း စာသင်မယ့်ဆရာ ကို ....

မျှော်နေတယ် အို စာသင်ခုံတွေလည်း ....

ဖရိုဖရဲ ပိုးစားခြကိုက်နဲ့ ခေါင်းလောင်းကြီး လည်း ....

**အိပ်ပျော်နေဆဲ အသံမမြည်နိုင်ရှာတယ် ....**

**စာအံသံတွေကြားချင်ပါတယ် ကွက်လပ်ဖြည့် လိုက်ပေါ့ကွယ်" ....**

**"အကျိုးတရားတို့သည် အကြောင်းသာလျှင် အမွန်အစရှိကြကုန်၏"** ဆိုသည့် ဓမ္မနိယာမအတိုင်း ကျွန်တော်သည် ယနေ့ဖော်ပြပါအကျိုးပြုတေးသီချင်း တစ်ပုဒ်ကို အဘယ်ကြောင့် နှုတ်ကအကြိမ်ကြိမ် ပြန်ပြောင်းဆိုညည်းနေမိပါသနည်း။

စေ့စေ့အဖြေထုတ်ကြည့်တော့ ဧပြီလ ၂၈ ရက်နေ့ နိုင်ငံပိုင်သတင်းစာများပါ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ "အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်" တစ်ရပ်ကို ဖတ်လိုက်ရခြင်းက အစပြုသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံရသည့် နိုင်ငံ့ဝန်ထမ်းများ အပေါ် ချမှတ်ထားသည့်ပြစ်ဒဏ်များကို လျှော့ပေါ့ ပြောင်းပေးပြီး နိုင်ငံ့ဝန်ထမ်းတာဝန်ကို ပြန်လည် ထမ်းဆောင်ခွင့်ပြုသွားမည့် ထုတ်ပြန်ချက်ပါ အကြောင်းအရာများကြောင့် ဖြစ်လေသည်။

အဆိုပါ အသိပေးထုတ်ပြန်ချက်ကို ဖတ်လိုက်ရသည့်တစ်ခဏဝယ် ကျွန်တော်သည် ကျန်းမာရေး ဝန်ထမ်းများကို ပထမဆုံး ပြေးမြင်ယောင်မိလေသည်။ တစ်ဆက်တည်းမှာပင် ထိုထုတ်ပြန်ချက်ကို ဖတ်လိုက်ရမည့် မျက်စိခွဲစိတ်ဖို့ စောင့်မျှော်နေကြသော ဝေဒနာရှင်ပြည်သူများ၊ ကျောက်ကပ်ဆေး ကြောရန်၊ ကင်ဆာရောဂါအတွက် ခွဲစိတ်ကင်ရန်၊ ထိုထိုသော အထူးကုဆေးရုံ ဆေးခန်းကြီးများတွင် ဆေးဝါးကုသရန် မတတ်နိုင်၍ အစိုးရဆေးရုံဆေးခန်း များတွင် ဆေးဝါးကုသရန် စောင့်မျှော်နေကြသည့် အထွေထွေရောဂါဝေဒနာရှင် ပြည်သူများသည် လည်း မည်မျှအားတက်ဝမ်းမြောက်ရှာကြလေမလဲ ဟု တွေးမိပါသည်။

**သိမှသိကြပါလေစ**

ထို့အတူ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေး ခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာ ထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည် ကိုစိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့်အခြေအနေများ ကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ် ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသဖြင့် အရေးယူခံခဲ့ရသည့် ကျန်းမာရေးဝန်ထမ်းများ အနေ ဖြင့်လည်း နိုင်ငံ့တာဝန်များ ပြန်လည်ထမ်းဆောင် နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ကို သိမှသိကြ ပါလေစဟု တွေးပူမိပြန်ပါသည်။

တကယ်တော့ မြန်မာ့လူ့ဘောင်တွင် ဆရာဝန်၊ သူနာပြုစသော ကျန်းမာရေးဝန်ထမ်းတို့၏ လုပ်ငန်း ဆောင်တာအလုပ်ကို မွန်မြတ်သောလုပ်ငန်းကြီး အဖြစ် မြန်မာလူမျိုးတို့က မှတ်ယူထားကြပါသည်။

ပါမောက္ခချုပ် ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသကလည်း ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံ SSC..., OPD ခန်းမ၌ နှစ်သစ်မင်္ဂလာဓမ္မသဘင်အဖြစ် ဆင်ယင်ကျင်းပသော "နှစ်ဦးမေတ္တာ လူတိုင်းမှာ" တရားဒေသနာတော်တွင်–

"မေတ္တာပုဗ္ဗင်္ဂမံ ဝေဇ္ဇသိပ္ပံ။ ဝေဇ္ဇသိပ္ပံ–ဆေးပညာ အတတ်ဟာ၊ မေတ္တာပုဗ္ဗင်္ဂမံ – မေတ္တာနဲ့ ဦးဆောင်ပြီး တော့ ပြုလုပ်ရတဲ့အလုပ်ကိစ္စ ဖြစ်တယ်။ ဒါကြောင့် မေတ္တာထားမယ်ဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတဲ့ လုပ်ငန်းကြီးပဲ၊ မြင့်မြတ်တဲ့အလုပ်ပဲ။ တချို့အလုပ်က လုပ်တဲ့ကိစ္စကိုက မြင့်မြတ်တာ မဟုတ်ဘူး။ အခု ဒီဆေးဝါးကုသပေးတဲ့အလုပ်ဆိုတာ အင်မတန်မှ မြင့်မြတ်တဲ့အလုပ်၊ မြင့်မြတ်တဲ့အလုပ်ကို ထပ်ပိုးပေးရမှာတော့ ကိုယ့်ရဲ့စိတ်နေသဘောထားလေးပဲ။ မေတ္တာစိတ်လေး ထပ်ပိုးပေးလိုက်လို့ ရှိရင် အလုပ်က မြင့်မြတ်ပြီးသား ဖြစ်တဲ့အတွက်ကြောင့် အားလုံးဟာ မြင့်မြတ်သွားတယ်။ စိတ်ကလည်း မြင့်မြတ်တယ်၊ အလုပ်ကလည်း မြင့်မြတ်တယ်ဆိုတော့ နှစ်ထပ်ကွမ်း မြင့်မြတ်တယ်၊ ပြီးပြည့်စုံတယ်။ ကုသိုလ်ဖြစ်တဲ့ လုပ်ငန်းတစ်ခုလို့ ပြောရမယ်။ ဒါက ဟုတ်/ မဟုတ် ကိုယ့်ဟာကိုယ်ပဲ ဆင်ခြင်သုံးသပ်လို့ရပါတယ်။

ဆရာဇီဝက ပညာသင်မလို့လုပ်တဲ့အခါမှာ သူစဉ်းစားတဲ့အထဲမှာ ပါတယ်။ "ဘယ်ပညာ ငါသင်ရကောင်းမလဲ"လို့စဉ်းစားတယ်။ ပညာရပ်တွေအများကြီး သူစဉ်းစားမိတဲ့အထဲမှာ မကျန်းမမာတဲ့ ပုဂ္ဂိုလ်တွေကို ကျန်းမာအောင်ကုစားပေးတဲ့ ဆေးသမားတို့ရဲ့ အတတ်ပညာဟာ မကျန်းမာတဲ့သူကို ကျန်းမာအောင်လုပ်ပေးတာ ဖြစ်တာကြောင့် အလုပ်ကိုက မေတ္တာထားတဲ့အလုပ်ဖြစ်သွားတယ်။ ဒါကြောင့် မို့လို့ "ဒီအလုပ်လောက် မွန်မြတ်တာမရှိဘူး"လို့ ဆိုပြီး ဆေးပညာအလုပ်ကို ရွေးချယ်တာလေ။

အဲဒီတော့ ကိုယ်လုပ်နေတဲ့လုပ်ငန်းဟာ အင်မတန်မှမြင့်မြတ်တဲ့အလုပ် ဖြစ်တယ်ဆိုတာ ရှေးဦးစွာခံယူထားပြီး မြင့်မြတ်တဲ့အလုပ်ကို မြင့်မြတ်တဲ့စိတ်ဓာတ်နဲ့ အကောင်အထည်ဖော်ရမယ်။ "တို့ဟာ နေ့စဉ်နဲ့အမျှ ကုသိုလ်ရတဲ့လုပ်ငန်းကြီး တစ်ခု လုပ်နေရတယ်"လို့ ဝမ်းသာရတယ်။ တချို့က ပြောကောင်းပြောလိမ့်မယ်၊ ဒါက business လုပ်ငန်းပဲ။ ပိုက်ဆံရလို့ လုပ်တာလို့၊ ပိုက်ဆံရလို့ လုပ်တယ်ဆိုပေမယ့် စိတ်ဓာတ်မြင့်မြတ်ရင် (ကိုယ်မျှော်ကိုးတာက ငွေကြေးခနမဟုတ်ဘဲနဲ့နော်) တစ်ဖက်သားရဲ့ ရောဂါဝေဒနာပျောက်ကင်းရေးကို အာရုံစိုက်နေတဲ့ အချိန်မှာဖြစ်တဲ့စိတ်ကို ကုသိုလ်စိတ်လို့ ခေါ်တာပဲ။ အဲဒီကုသိုလ်စိတ်ကို ကိုယ်အရ ယူဖို့လိုတယ်။

အေး၊ ရောက်လာတဲ့လူနာအပေါ်မှာ "ဒီလူနာဆီက ပိုက်ဆံများများရအောင် လုပ်လိုက်မယ်"ဆိုရင်တော့ ဒါကုသိုလ်စိတ်မဟုတ်ဘူးပေါ့နော်၊ ရောက်

**ပင့်ကူမျှင်တွေ ယှက်ဖြာသိုင်းနေပြီဖြစ်တဲ့ ဆေးရုံဆေးပေးခန်းများအတွင်းက ဖရိုဖရဲ ပိုးစားခြကိုက်နေပြီဖြစ်သော လူနာခုတင်များကြားက ဝေဒနာရှင်ပြည်သူများသည်လည်း ဆရာကို မျှော်နေဆဲ။**

လာတဲ့လူနာဟာ ရှိတဲ့ရောဂါ အမှန်အကန်သိရအောင် စစ်ဆေးပြီး "ဒီဆေးနဲ့ကုရင် ရောဂါပျောက်တယ်၊ အမှန်အတိုင်း ကုသပေးတယ်၊ သူ့ကို ကူညီပေးတယ်။ ရောဂါပျောက်ကင်းကြပါစေ၊ ချမ်းသာပါစေ"လို့ စိတ်ထားတယ်။ ဒါ မေတ္တာပဲ။ မေတ္တာဟာ ဘယ်သူ့ သန္တာန်မှာပဲဖြစ်ဖြစ် ကုသလာ အနဝဇ္ဇသုခ ဝိပါက လက္ခဏာ– အပြစ်ကင်းတယ်တဲ့။ အပြစ်မရှိတဲ့အရာတစ်ခု၊ အပြစ်မရှိဘူးဆိုတာ ဘယ်သူက အပြစ်တင်စရာမှမရှိတာ၊ မကောင်းတာကောင်းအောင် လုပ်ပေးတယ်ဆိုတာ အပြစ်ပြောစရာမရှိဘူး။ ဒါက အပြစ်မဟုတ်ဘူး။ အပြစ်က ဒီပြင်ဟာ။ ဆိုပါစို့၊ ရောဂါပျောက်ကင်းအောင် လုပ်ပေးတာက အပြစ်မဟုတ်ဘူး၊ ဒီပြင်ကိစ္စလုပ်ရင်တော့ အပြစ်ပေါ့။

ဥပမာ "ရောဂါမရှိဘဲနဲ့ ရှိတယ်" လို့ပြောပြီး ငွေကြေးများများရအောင်လုပ်ရင်တော့ ဒါအပြစ်ပဲ။ ရှိတာကို ရှိတဲ့အတိုင်းပြောပြပြီး "ဒါက ဒီရောဂါ ဒီလိုကုရမယ်၊ ငွေကြေးဒီလောက်ကုန်ကျလိမ့်မယ်" ဒီဟာက အပြစ်မဟုတ်ဘူးလေ၊ ဒါက မှန်ကန်တဲ့ အလုပ်ပဲ။ ဒီလိုပဲပြောတာ။

အဲဒါကြောင့် ရောဂါပျောက်စေချင်တဲ့စိတ်က မေတ္တာစိတ်ဓာတ်ပဲပေါ့။ အေး၊ သမားတို့ အတတ်ဟာ မေတ္တာအခြေခံပြီးတော့ လုပ်ရတာဖြစ်တာကြောင့် အဲဒီမေတ္တာအခြေခံတဲ့စိတ်ဓာတ်နဲ့ လုပ်ကြမယ်ဆိုလို့ရှိရင် အင်မတန်မှ ကုသိုလ်ရပါတယ်။ ကုသိုလ်ရအောင် စိတ်ထဲမှာ နှလုံးသွင်းဖို့ပဲ အရေးကြီးပါတယ်" စသဖြင့် ဟောကြားတော်မူခဲ့ပါသည်။

**မိမိရရ အသုံးချကြ**

သို့အတွက် အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အတ္တပရ နှစ်ဦးနှစ်ဝအကျိုးရှိစေမည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ အသိပေးထုတ်ပြန်ချက်အပေါ် ကိုယ်စီကိုယ်င မိမိရရ အသုံးချကြစို့ရဲ့လား။

ရန်သူမိတ်ဆွေမရွေး လူသားအားလုံးရဲ့ ကျန်းမာသုခအတွက် မွန်မြတ်သော စိတ်ထားဖြင့် မွန်မြတ်သည့်တာဝန်ဝတ္တရားများကို ပြန်လည် ထမ်းရွက် ကွက်လပ်ဖြည့်ကြမည့် ဆရာဝန် ဆရာမ အပေါင်းကိုလည်း ပြည်သူလူထုကြီး တစ်ရပ်လုံးက မျှော်လင့်စောင့်စားနေကြပါပြီ။

ပင့်ကူမျှင်တွေ ယှက်ဖြာသိုင်းနေပြီဖြစ်တဲ့ ဆေးရုံဆေးပေးခန်းများအတွင်းက ဖရိုဖရဲ ပိုးစား ခြကိုက်နေပြီဖြစ်သော လူနာခုတင်များကြားက ဝေဒနာရှင်ပြည်သူများသည်လည်း ဆရာကို မျှော်နေဆဲပါ။

ကျွန်တော်ကတော့ **"ကျေးလက်က ဒေါက်တာသူငယ်ချင်းရယ် ... စိတ်ဓာတ်လေး ဖြူစင်သန့်ရှင်းတယ်... အားလုံးအတွက် တာဝန်တွေထမ်းဆောင်မယ့်... မင်းအတွက် တို့ဂုဏ်ယူလိုက်ပါတယ်"** ဟူသည့် ကိုငှက်(ထူးအိမ်သင်)ရဲ့ အကျိုးပြုတေးသီ ချင်းလေးကို နှုတ်ကအကြိမ်ကြိမ် ဆိုညည်းမိနေ ဆဲ ...။

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၁၀**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရုံးဝန်ထမ်းများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ကာလဆိုင်ရာ အုပ်ချုပ်ရေးကို အချိန်ကာလ သုံးလခန့် ကြာမြင့်ခဲ့ပြီ ဖြစ်ပါကြောင်း၊ စစ်မှန်၍ စည်းကမ်းပြည့်ဝပြီး ခိုင်မာသည့် ဒီမိုကရေစီစနစ်ဖြစ်ရန်အတွက် လမ်းပြမြေပုံ (၅)ရပ် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးများတွင် အထူးတလည်မှာကြားသည်မှာလည်း လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်၊ လျက်ရှိဆောင်ရွက်နေဆဲလုပ်ငန်းစဉ်များကိုလည်း အမြန်ဆုံး ပြီးပြတ်အောင်ဆောင်ရွက်ရန်၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲပြုလုပ်၍ ဖြစ်ပေါ်လာမည့်အစိုးရသစ်အတွက် အဆင်ပြေချောမွေ့အောင် စေတနာထားပြီး ဆောင်ရွက်ရန်လိုပါကြောင်း၊ ဆက်လက်၍ မိမိတို့ဝန်ကြီးဌာန၏ ကချင်၊ မကွေး၊ မြစ်ကြီးနား၊ ရှမ်းပြည်နယ်ရုံး ရုံးအဆောက်အအုံသစ်များကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း။

**စည်းလုံးညီညွတ်ရန်လို**

မိမိတို့ဝန်ကြီးဌာန အမည်နာမကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဟု သတ်မှတ်ထားသည့်အတွက် အခြားဝန်ကြီးဌာနများနှင့် လုပ်ငန်းသဘာဝ ပိုမိုထူးခြားပြီး မိမိတို့ တိုင်းရင်းသားများအတွက် ပိုမိုဆောင်ရွက်ရသော ဌာနဖြစ်ပါကြောင်း၊ ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရန်လိုပါကြောင်း၊ ဤဒေသကို ပိုမိုစည်းလုံးပြီး ဖွံ့ဖြိုးတိုးတက်အောင် မိမိဆန္ဒရှိပါကြောင်း၊ တိုင်းရင်းသားများ၏ အဓိကဆန္ဒဖြစ်သော မျှမျှတတနှင့် တန်းတူညီမျှမှုရရှိရေးအတွက် မိမိတို့ ဆောင်ရွက်နေပါကြောင်း၊ စုပေါင်းညီညာမှုမှသည် ငြိမ်းချမ်းရေးဆီသို့ ငြိမ်းချမ်းရေးဆီမှသည် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ဆိုသည့်အတိုင်း စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမျိုးဘာသာ၊ စာပေ၊ စကားပျောက်ပျက်ပါက လူမျိုးပါပျောက်မည်ဖြစ်၍ မိမိတို့၏ စာပေစကား ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထိုကဲ့သို့ လူမျိုးမပျောက်အောင် တိုင်းရင်းသားများ၏ စကား၊ စာပေယဉ်ကျေးမှုနှင့် အခွင့်အရေးတို့ကို ထိန်းသိမ်းကာကွယ်ပေးမည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ၏ စကား၊ စာပေယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ခန့်အပ်လျက်ရှိသော တိုင်းရင်းသားဘာသာသင် TA/LT များ၏ လုပ်အားခနှင့် ထောက်ပံ့ငွေများ တိုးမြှင့်ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပါတီစွဲပုဂ္ဂိုလ်စွဲမထားဘဲ မိမိတို့လူမျိုး အကျိုးစီးပွားကို ဦးတည်ချက်ထားဆောင်ရွက်သွားရန်လိုပါကြောင်း၊ မိမိတို့ဒေသလိုအပ်ချက်များကို ကျိုးကြောင်းခိုင်လုံစွာဖြင့် မိမိတို့ ညွှန်ကြားရေးမှူးရုံးမှတစ်ဆင့် တင်ပြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က နှုတ်ခွန်းဆက်ဝမ်းမြောက်စကား ပြောကြားသည်။

**အထွေထွေဆွေးနွေးတင်ပြ**

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ရခိုင်၊ ခမီ၊ မြို၊ သက်၊ ဒိုင်းနက်(သက္ကမ)၊ မရမာကြီး၊ အရှို(ချင်း)၊ စုမ်းတူ(ချင်း)၊ လေးတူ(ချင်း)၊ ဥ(ပ်)ပူးချင်းနှင့် လောက်တူချင်း စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များက အထွေထွေဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ စံပြရုံးအဖြစ် ဂုဏ်ပြုပြီး ဝန်ထမ်းများကို ထောက်ပံ့ငွေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ပုဂံ-ညောင်ဦးလေဆိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပုဂံ-ညောင်ဦးလေဆိပ် ဧည့်ခန်းမဆောင်၌ ဝန်ကြီးဌာနလက်အောက်ရှိ ဌာန၊ အဖွဲ့အစည်းရှစ်ခုမှ တာဝန်ခံ အရာထမ်း၊ အမှုထမ်းများ၊ ပုဂံ-ညောင်ဦးလေဆိပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် တာဝန်ခံများက ဌာန၊ အဖွဲ့အစည်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဝန်ထမ်းများအားစားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်သည်။

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ပူးတွဲ) ဦးကျော်စိုးက ပုဂံ-ညောင်ဦးလေဆိပ် VIP ခန်းမဆောင်၌ ပုဂံ-ညောင်ဦးလေဆိပ်သို့ ပြည်တွင်း/ပြည်ပ ခရီးသည်များ ဝင်/ထွက်သွားလာမှု အဆင်ပြေစေရေးအတွက် လေဆိပ်အဆင့်မြှင့်တင်ထားရှိမှုနှင့် ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လက်ရှိလေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားရန်နေရာတို့အား နိုင်လွန်ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက နိုင်လွန်ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သတ်မှတ်အရည်အသွေးပြည့်မီကောင်းမွန်စေရန် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့ထားရှိရေး၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Night Landing Facilities များ သတ်မှတ်ချက်နှင့်အညီ ထားရှိနိုင်ရေးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပုဂံ-ညောင်ဦးလေဆိပ်တွင် လေယာဉ်ဆီ တင်သွင်း/သိုလှောင် ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့်ပတ်သက်၍ Fuel Farm တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို Golden Myanmar Airlines Public Co.,Ltd. အမှုဆောင်အရာရှိ ဦးကျော်ငြိမ်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်လွန်ကတ္တရာဖျော်စက် တပ်ဆင်နေမှုနှင့် တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိမှုများ၊ လုပ်ငန်းသုံးစက်ယာဉ်/ယန္တရားများ ရောက်ရှိမှုအခြေအနေများနှင့် Golden Myanmar Airlines Public Co.,Ltd. ၏ Fuel Farm တည်ဆောက်ပြီးစီးသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဖြည့်စွက်မှာကြားသည်။

**သတင်းစဉ်**

ခေတ်သစ်နယ်ချဲ့ အလိုကျ ရှုးရှုးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေကြွေလွင့်ကြရမယ်။ မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူနှုတ်ဖြူ-အလုပ်ဖြူတဲ့ လူငယ်တွေ။

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၃၀-၄-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၁-၃-၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ(သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC)ခန်းမ၌ ကျင်းပသည်။

ရွေးချယ်တင်မြှောက်ပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း)နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်နှင့် ကောင်စီဝင်များ၊ ရွေးချယ်ခံမည့် ကောင်စီဝင်လောင်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာဒေါ်သီတာတင်က ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကောင်စီဝင်လောင်းများကို ဆန္ဒမဲပေးပြီး ရွေးချယ်ကြရာ ဒေါ်ခင်သန်းနွဲ့ (မမလားရှိုး)၊ ဦးနေလင်း(မောင်ချိုဝေ)နှင့် ဦးစိုးမင်းတို့ကို ကောင်စီဝင်များအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၌ လစ်လပ်နေရာ သုံးနေရာအတွက် ကျန်ရှိနေသည့် ကောင်စီဝင်လောင်း ခြောက်ဦးအနက် သုံးဦးကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၀၄၄၈၇၂ | ၂၅၆၄၂၀၂၈ | ၅၈၉၂၁ |
| ၂။ | အိန္ဒိယ | ၁၈၈၈၁၅၈၇ | ၁၅၄၄၄၁၇၁ | ၂၀၈၉၅၂ |
| ၃။ | ဘရာဇီး | ၁၄၅၉၂၈၈၆ | ၁၃၁၅၂၁၁၈ | ၄၀၁၄၁၇ |
| ၄။ | ပြင်သစ် | ၅၅၉၂၃၉၀ | ၄၄၉၈၂၉၂ | ၁၀၄၂၂၄ |
| ၅။ | ရုရှား | ၄၈၀၅၂၈၈ | ၄၄၂၇၉၄၆ | ၁၁၀၁၂၈ |
| ၆။ | တူရကီ | ၄၇၈၈၇၀၀ | ၄၂၅၅၇၁၄ | ၃၉၇၃၇ |
| ၇။ | ဗြိတိန် | ၄၄၁၄၂၄၂ | ၄၂၁၀၃၄၃ | ၁၂၇၅၀၂ |
| ၈။ | အီတလီ | ၄၀၀၉၂၀၉ | ၃၄၄၉၉၅၅ | ၁၂၀၅၄၄ |
| ၉။ | စပိန် | ၃၅၁၄၉၄၂ | ၃၁၉၂၉၇၀ | ၇၈၀၈၀ |
| ၁၀။ | ဂျာမနီ | ၃၃၈၈၆၇၉ | ၂၉၉၅၂၀၀ | ၈၃၄၉၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၆၈၃၆၈ | ၁၅၂၂၆၃၄ | ၄၅၅၂၁ |
| ၂။ | ဖိလစ်ပိုင် | ၁၀၃၇၄၆၀ | ၉၄၆၃၁၈ | ၁၇၂၃၄ |
| ၃။ | မလေးရှား | ၄၀၈၇၁၃ | ၃၇၇၉၈၀ | ၁၅၀၆ |
| ၄။ | မြန်မာ | ၁၄၂၈၁၇ | ၁၃၁၉၆၆ | ၃၂၀၉ |
| ၅။ | ထိုင်း | ၆၅၁၅၃ | ၃၆၂၅၄ | ၂၀၃ |
| ၆။ | စင်ကာပူ | ၆၁၁၄၅ | ၆၀၇၁၈ | ၃၀ |
| ၇။ | ကမ္ဘောဒီးယား | ၁၃၄၀၂ | ၅၁၅၂ | ၉၃ |
| ၈။ | ဗီယက်နမ် | ၂၉၂၈ | ၂၅၁၆ | ၃၅ |
| ၉။ | လာအို | ၇၅၇ | ၅၁ | ၀ |
| ၁၀။ | ဘရူနိုင်း | ၂၂၄ | ၂၁၅ | ၃ |

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်နှင့် ရေဦးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် မဲရုံ ၇၆ ရုံ | ၈၉၈၄၁ | ၆၆၈၁၁ | ၄၂၀၅ | ၇၁၂ | ၉၄၇၄ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မဲရုံ ၉၀ ရုံ | ၁၀၄၆၈၄ | ၈၆၀၀၇ | ၂၆၁၃ | ၆၅၄ | ၁၁၂၁၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်နှင့် ရေဦးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက်ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၁၆၆ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သောဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၂၀၈၉၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၈၂၀၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၆၂၆၉၈၊ မြေပြင်လက်ကျန် ၆၁၇၉၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၅၁၇ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၁၂ ဖြစ်သည်။ မြို့နယ်အလိုက်ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြောင်မြို့နယ် | ၇၆ | ၁၀၂၃၅၂ | ၇၄၅၈၆ | ၂၇၇၆၆ | ၂၇၂၇၄ | ၅၂၀ | ၂၈ |
| ၂ | ရေဦးမြို့နယ် | ၉၀ | ၁၁၈၅၄၆ | ၈၃၆၁၄ | ၃၄၉၃၂ | ၃၄၅၁၉ | ၉၉၇ | ၅၈၄ |
| | စုစုပေါင်း | ၁၆၆ | ၂၂၀၈၉၈ | ၁၅၈၂၀၀ | ၆၂၆၉၈ | ၆၁၇၉၃ | ၁၅၁၇ | ၆၁၂ |

**မြောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ မဲရုံပေါင်း ၇၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၀၂၃၅၂၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၄၅၈၆ ဖြစ်ပြီး ကျန်ရှိရမည့်အရေအတွက်မှာ ၂၇၇၆၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၇၂၇၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုနှင့်ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၅၉၀၀ | ၇၄၃၂၇ | ၂၁၅၇၃ | ၂၁၀၈၁ | ၅၂၀ | ၂၈ |
| ၂ | မြို့နယ်မဲလက်မှတ် | ၆၄၅၂ | ၂၅၉ | ၆၁၉၃ | ၆၁၉၃ | | |
| | စုစုပေါင်း | ၁၀၂၃၅၂ | ၇၄၅၈၆ | ၂၇၇၆၆ | ၂၇၂၇၄ | ၅၂၀ | ၂၈ |

၆။ မြောင်မြို့နယ် ကျေးရွာအုပ်စု ၇ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၅၂၀ လျော့နည်းပျောက်ဆုံးနေပြီး ကျေးရွာအုပ်စု ၂ အုပ်စုရှိမဲရုံများတွင် မဲလက်မှတ်အရေအတွက် ၂၈ စောင် ပိုမိုလျက်ရှိကြောင်းစစ်ဆေးတွေ့ရှိရပါသည်။

၇။ မြောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့သစ်ရပ်ကွက် | ၁ | ၂၀၀၀ | ၁၆၁၂ | ၃၈၈ | ၃၈၈ | | |
| ၂ | မြောက်ရပ်ကွက် | ၁ | ၂၀၅၀ | ၁၆၄၀ | ၄၁၀ | ၄၁၀ | | |
| ၃ | ကျောင်းဖြူကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၆၃ | ၂၈၇ | ၂၈၇ | | |
| ၄ | ကျောက်ဖူးကုန်းကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၄၅ | ၅၀၅ | ၅၀၅ | | |
| ၅ | ကင်းရွာကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၄၂၀ | ၄၃၀ | ၄၃၀ | | |
| ၆ | ကိုးပင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၄၇ | ၂၅၃ | ၂၅၃ | | |
| ၇ | ခေါင်းခွဲကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၄၆၉ | ၃၃၁ | ၂၈၁ | ၅၀ | |
| ၈ | ချောင်းဇင်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၈၀ | ၃၇၀ | ၃၇၀ | | |
| ၉ | ငါးပါယ်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၇၃ | ၁၇၇ | ၁၇၇ | | |
| ၁၀ | ငါးရန့်အိုကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၂၅ | ၅၂၅ | ၅၂၅ | | |
| ၁၁ | ဇီးကျွန်းကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၈၃ | ၂၁၇ | ၂၁၇ | | |
| ၁၂ | ညောင်ကားယားကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၁၈ | ၂၈၂ | ၂၈၂ | | |
| ၁၃ | နဂါးပေါက်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၉၇ | ၃၀၃ | ၃၀၃ | | |
| ၁၄ | နေပူကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၄၇ | ၂၅၃ | ၂၅၃ | | |
| ၁၅ | ပန်းညိုကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၆၀၈ | ၆၄၂ | ၆၄၂ | | |
| ၁၆ | ပေါက်ချောင်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၈၇၈ | ၂၇၂ | ၂၇၂ | | |
| ၁၇ | ပေါက်တောကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၄၇၈ | ၅၂၂ | ၅၂၂ | | |
| ၁၈ | ဘူးကိုင်းကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၄၅၈ | ၄၄၂ | ၄၆၂ | | ၂၀ |
| ၁၉ | ဘုန်းခေါင်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၅၀ | ၃၅၀ | ၃၅၀ | | |
| ၂၀ | မရိုးကုန်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၈၈၈ | ၅၆၂ | ၅၇၀ | | ၈ |
| ၂၁ | မင်းတန်းကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၃၀၂ | ၃၉၈ | ၃၉၈ | | |
| ၂၂ | မယ်မသော်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၂၁ | ၃၇၉ | ၃၇၉ | | |
| ၂၃ | မြစ်ဆုံကျေးရွာအုပ်စု | ၁ | ၂၅၀၀ | ၁၈၉၀ | ၆၁၀ | ၆၁၀ | | |
| ၂၄ | ရွာပုလဲကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၁၁ | ၃၃၉ | ၃၃၉ | | |
| ၂၅ | ရွှေပေါက်ပင်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၅၃၅ | ၆၁၅ | ၆၁၅ | | |
| ၂၆ | ရွှေဘုံသာကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၂၅၆ | ၂၄၄ | ၂၄၄ | | |
| ၂၇ | သရက်သာကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၆၂ | ၂၃၈ | ၂၃၈ | | |
| ၂၈ | သာဒွန်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၅၇ | ၄၄၃ | ၄၄၃ | | |
| ၂၉ | အိုင်သာကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၅၈ | ၁၄၂ | ၁၄၂ | | |
| ၃၀ | တောင်ရပ်ကွက် | ၁ | ၁၇၀၀ | ၁၂၉၅ | ၄၀၅ | ၄၀၅ | | |
| ၃၁ | အလယ်ရပ်ကွက် | ၁ | ၁၃၀၀ | ၁၀၁၈ | ၂၈၂ | ၂၈၂ | | |
| ၃၂ | ကူးတို့ကုန်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၀၇၃ | ၂၇၇ | ၂၇၇ | | |
| ၃၃ | ကျားအိုကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၇၂ | ၁၇၈ | ၁၇၈ | | |
| ၃၄ | ကျောက်တန်းကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၂၀၉၁ | ၄၀၉ | ၄၀၉ | | |
| ၃၅ | ကျောက်ရစ်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၅၅၇ | ၅၄၃ | ၃၄၃ | ၂၀၀ | |
| ၃၆ | ဆူးလေကုန်းကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၈၀ | ၂၂၀ | ၂၂၀ | | |
| ၃၇ | ဇရပ်ကုန်းကျေးရွာအုပ်စု | ၃ | ၄၇၀၀ | ၃၉၃၉ | ၇၆၁ | ၇၁၁ | ၅၀ | |
| ၃၈ | တမဆေးကန်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၁၀၂၂ | ၁၇၈ | ၁၇၈ | | |
| ၃၉ | တွင်းကြီးကျေးရွာအုပ်စု | ၂ | ၃၉၀၀ | ၃၁၂၃ | ၇၇၇ | ၇၅၇ | ၂၀ | |
| ၄၀ | နဘက်ကျေးရွာအုပ်စု | ၂ | ၃၈၅၀ | ၂၉၈၉ | ၈၆၁ | ၈၆၁ | | |
| ၄၁ | သောင်ကြီးကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၃၈၀ | ၃၇၀ | ၃၇၀ | | |
| ၄၂ | ပရိမ္မကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၂၅၀၂ | ၉၄၈ | ၉၄၈ | | |
| ၄၃ | သီရိဇေယျာကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၈၉၃ | ၅၀၇ | ၅၀၇ | | |
| ၄၄ | ဖွားစောကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၇၄၆ | ၃၅၄ | ၃၅၄ | | |
| ၄၅ | မကျီးဘုတ်ကျေးရွာအုပ်စု | ၁ | ၂၉၀၀ | ၂၃၂၃ | ၅၇၇ | ၅၂၇ | ၅၀ | |
| ၄၆ | မြစ်သာကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၀၆ | ၆၉၄ | ၆၉၄ | | |



မြောင်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၁၉ သို့ ✻

✻ စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄၇ | ရွှေတချောင်းကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၄၉ | ၅၅၁ | ၅၅၁ | | |
| ၄၈ | ရွှေပန်းကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၁၃၂ | ၃၆၈ | ၃၆၈ | | |
| ၄၉ | ရွှေပန်းကျွန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၉၁ | ၂၀၉ | ၂၀၉ | | |
| ၅၀ | လက်ယက်မကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၇၁၅ | ၂၈၅ | ၂၈၅ | | |
| ၅၁ | သနပ်ကုန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၆၈ | ၂၈၂ | ၁၈၂ | ၁၀၀ | |
| ၅၂ | အုတ်နဲ့ဘုတ်ကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၂၁၉၂ | ၆၀၈ | ၅၅၈ | ၅၀ | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၇၆ | ၉၅၉၀၀ | ၇၄၃၂၇ | ၂၁၅၇၃ | ၂၁၀၈၁ | ၅၂၀ | ၂၈ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၄၅၂ | ၂၅၉ | ၆၁၉၃ | ၆၁၉၃ | | |
| | မြို့နယ်ချုပ် စုစုပေါင်း | ၇၆ | ၁၀၂၃၅၂ | ၇၄၅၈၆ | ၂၇၇၆၆ | ၂၇၂၇၄ | ၅၂၀ | ၂၈ |

## ရေဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် မဲရုံပေါင်း ၉၀၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၁၈၅၄၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၃၆၁၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲလက်မှတ်အပို/ပျောက်ဆုံးမှုများ တွေ့ရှိရပြီးကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၉၉၇ နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ် ၅၈၄ စောင်ကို တွေ့ရှိရသည်။ မဲရုံမှူးများ လိုက်နာဆောင်ရွက်ရမည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆ (ဓ)ကို လိုက်နာခြင်းမရှိဘဲ လိမ်တောကျေးရွာအုပ်စုမှ နောက်ကျ၍ အပ်နှံထားသော မဲလက်မှတ်စာအုပ် ၁၁ အုပ်(စောင်ရေ ၅၅၀)အား စိစစ်တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၇၅၅၀ | ၈၃၃၀၈ | ၃၄၂၄၂ | ၃၃၈၂၉ | ၉၉၇ | ၅၈၄ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၀၆ | ၃၀၆ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၉၀ | | ၆၉၀ | ၆၉၀ | | |
| | စုစုပေါင်း | ၁၁၈၅၄၆ | ၈၃၆၁၄ | ၃၄၉၃၂ | ၃၄၅၁၉ | ၉၉၇ | ၅၈၄ |

၉။ ရေဦးမြို့နယ်တွင် မဲရုံ ၉၀ ရှိသည့်အနက် မဲရုံ ၈ ရုံတွင် အပိုဆန္ဒမဲလက်မှတ်များ သုံးစွဲထားသည်ကို တွေ့ရှိရပြီး မဲရုံ ၁၄ ရုံတွင် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးနေသည်ကို တွေ့ရှိရပါသည်။ ရေဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဗိုလ်အောင်ဇေယျရပ်ကွက် | ၂ | ၄၀၀၀ | ၂၇၆၀ | ၁၂၄၀ | ၁၂၄၀ | | |
| ၂ | ရွှေပြည်သာရပ်ကွက် | ၁ | ၁၈၅၀ | ၁၄၄၂ | ၄၀၈ | ၄၀၈ | | |
| ၃ | ရေဦးကုန်းကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၄၈၅ | ၄၆၅ | ၄၆၅ | | |
| ၄ | ကန်ပေါက်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၆၁ | ၂၈၉ | ၂၈၉ | | |
| ၅ | ကြာပန်းညိုကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၀၂ | ၁၉၈ | ၁၉၈ | | |
| ၆ | ကွမ်းအုံကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၄၀၁ | ၈၄၉ | ၈၄၉ | | |
| ၇ | ခင်ပင်ကျေးရွာအုပ်စု | ၂ | ၈၀၀ | ၅၄၂ | ၂၅၈ | ၂၅၈ | | |
| ၈ | ခေါင်နွဲ့ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၈၉ | ၃၁၁ | ၃၁၁ | | |
| ၉ | ချောင်းဆုံကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၆၁ | ၂၃၉ | ၂၃၉ | | |
| ၁၀ | ချောင်းရှည်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၇၁ | ၃၇၉ | ၃၇၉ | | |
| ၁၁ | စည်သာမြေကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၂၆ | ၃၂၄ | ၃၂၄ | | |
| ၁၂ | ညောင်နီကန်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၁၆၅ | ၆၈၅ | ၆၈၅ | | |
| ၁၃ | ညောင်လယ်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၇၈၆ | ၃၆၄ | ၃၆၄ | | |
| ၁၄ | တမာတောကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၂၈ | ၆၂၂ | ၆၂၂ | | |
| ၁၅ | တူမောင်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၂၆ | ၂၇၄ | ၂၇၄ | | |
| ၁၆ | နေပူကုန်းကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၆၁၆ | ၄၈၄ | ၄၈၄ | | |
| ၁၇ | ပလူဇဝကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၃၈၅ | ၁၁၁၅ | ၁၁၁၅ | | |
| ၁၈ | ပေကြီးကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၁၄၉ | ၄၀၁ | ၄၀၁ | | |
| ၁၉ | ပုန်းတကားကျေးရွာအုပ်စု | ၂ | ၃၁၀၀ | ၂၃၇၆ | ၇၂၄ | ၇၂၈ | | ၄ |
| ၂၀ | ဖလံခုံကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၈၂ | ၂၁၈ | ၂၁၈ | | |
| ၂၁ | ဖန်းခါးစဉ်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၇၅ | ၁၇၅ | ၁၇၅ | | |
| ၂၂ | ဖိန်းကားကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၁၇ | ၁၈၃ | ၁၈၃ | | |
| ၂၃ | ဘုတ်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၄၄ | ၃၀၆ | ၃၀၆ | | |
| ၂၄ | မုန်တိုင်ပင်ကျေးရွာအုပ်စု | ၃ | ၃၇၅၀ | ၂၅၅၁ | ၁၁၉၉ | ၁၁၉၉ | | |
| ၂၅ | ရေမြက်ကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၆၄၇ | ၁၀၀၃ | ၉၅၃ | ၅၀ | |
| ၂၆ | ရွာပုကြီးကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၈၅၅ | ၇၄၅ | ၇၄၅ | | |
| ၂၇ | ရွာငယ်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၆၇ | ၁၈၃ | ၁၈၃ | | |
| ၂၈ | လေးရွာကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၆၂၂ | ၅၇၈ | ၅၇၈ | | |
| ၂၉ | လိမ်တောကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၁၈၇ | ၅၁၃ | ၁၃ | ၅၀၀ | |
| ၃၀ | ဝက်သဲကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၈၆ | ၄၁၄ | ၄၁၄ | | |
| ၃၁ | သံသည်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၃၃၆ | ၄၁၄ | ၃၅၄ | ၆၀ | |
| ၃၂ | အင်တောကျေးရွာအုပ်စု | ၃ | ၄၆၅၀ | ၃၃၄၇ | ၁၃၀၃ | ၁၂၅၃ | ၅၀ | |
| ၃၃ | အင်ပင်ကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၂၀၅၂ | ၇၄၈ | ၇၄၈ | | |
| ၃၄ | အောင်ကဲ့ဇင်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၃၀၂ | ၆၄၈ | ၆၁၉ | ၂၉ | |
| ၃၅ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၂၂၅၀ | ၁၈၀၂ | ၄၄၈ | ၄၄၈ | | |
| ၃၆ | အောင်ချမ်းသာရပ်ကွက် | ၂ | ၄၂၅၀ | ၃၀၃၇ | ၁၂၁၃ | ၁၂၁၃ | | |
| ၃၇ | အောင်ဆန်းရပ်ကွက် | ၂ | ၄၃၅၀ | ၃၃၁၅ | ၁၀၃၅ | ၁၀၃၅ | | |
| ၃၈ | ကုက္ကိုစုကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၅၄၆ | ၄၅၄ | ၄၅၄ | | |
| ၃၉ | ကုံးသာကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၄၇ | ၄၀၃ | ၄၀၃ | | |
| ၄၀ | ကြောင်ပန်းတောကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၄၃ | ၂၅၇ | ၂၅၇ | | |
| ၄၁ | ခြံရွာကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၁၂၇ | ၅၇၃ | ၆၀၃ | | ၃၀ |
| ၄၂ | ချမ်းသာကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၃၅၈ | ၄၉၂ | ၄၉၂ | | |
| ၄၃ | ပြုပ်တုံကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၆၇ | ၂၃၃ | ၂၃၃ | | |
| ၄၄ | ဇေယျဝတီကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၂၉၅ | ၅၅၅ | ၅၅၅ | | |
| ၄၅ | ဇိန်ဇွန်းကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၇၃၂ | ၅၆၈ | ၅၆၈ | | |
| ၄၆ | တင်းတိမ်ရုံ ကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၂၂၆၇ | ၈၈၃ | ၈၃၃ | ၅၀ | |
| ၄၇ | တာတိုင်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၉၄၈ | ၅၀၂ | ၅၀၂ | | |
| ၄၈ | တောင်ကွင်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၅၅ | ၃၄၅ | ၃၄၅ | | |
| ၄၉ | ထန်းတောကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၆၀ | ၃၉၀ | ၃၉၀ | | |
| ၅၀ | ထန်းကြီးကျေးရွာအုပ်စု | ၁ | ၉၅၀ | ၅၄၆ | ၄၀၄ | ၄၀၄ | | |
| ၅၁ | နှောကုန်းကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၅၈၉ | ၅၁၁ | ၅၁၁ | | |
| ၅၂ | မကြီးတောကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၆၀၃ | ၃၄၇ | ၃၄၇ | | |
| ၅၃ | မကြီးနီကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၉၁ | ၂၀၉ | ၂၀၉ | | |
| ၅၄ | မဲအိုးကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၇၁ | ၁၇၉ | ၂၉ | ၁၅၀ | |
| ၅၅ | မြင်းပေါက်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၁၃၅ | ၄၁၅ | ၄၁၅ | | |
| ၅၆ | မိတ္ထီလာကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၃၉ | ၃၆၁ | ၃၆၁ | | |
| ၅၇ | မုတ်စီကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၃၁၃ | ၂၈၇ | ၂၇၇ | ၁၀ | |
| ၅၈ | မြို့ကြီးကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၃၁၁ | ၈၈၉ | ၈၈၉ | | |
| ၅၉ | ရွာမိသာကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၅၆၄ | ၅၈၆ | ၅၈၆ | | |
| ၆၀ | ရှော်ဖြူကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၇၁ | ၃၂၉ | ၃၂၉ | | |
| ၆၁ | ရွာသစ်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၈၀ | ၃၂၀ | ၃၂၀ | | |
| ၆၂ | လင်းဖြူကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၁၄၉ | ၅၅၁ | ၅၅၁ | | |
| ၆၃ | ဝင်ဝကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၁၂ | ၄၃၈ | ၄၃၈ | | |
| ၆၄ | အုပ်ဖိုကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၀၆ | ၄၄၄ | ၄၄၄ | | |
| ၆၅ | အောင်သာကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၇၃ | ၃၂၇ | ၃၂၇ | | |
| ၆၆ | တောင်ပြင်ငယ်ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၁၉ | ၆၈၁ | ၅၈၃ | ၉၈ | |
| ၆၇ | အင်းကြီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၉၆ | ၃၅၄ | ၃၅၄ | | |
| | ရပ်/ကျေးမှသီးခြားအပ်နှံ | | | | | ၅၅၀ | | ၅၅၀ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၉၀ | ၁၁၇၅၅၀ | ၈၃၃၀၈ | ၃၄၂၄၂ | ၃၃၈၂၉ | ၉၉၇ | ၅၈၄ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၃၀၆ | ၃၀၆ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၉၀ | | ၆၉၀ | ၆၉၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၀ | ၁၁၈၅၄၆ | ၈၃၆၁၄ | ၃၄၉၃၂ | ၃၄၅၁၉ | ၉၉၇ | ၅၈၄ |



ရေဦးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❍ စာမျက်နှာ ၂၂ မှ



ဦးရန်နိုင်ထွန်း(လက်ထောက်ပညာရေးမှူး၊ သီပေါမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုမှ တရားခံ အမျိုးသမီး တစ်ဦးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၀**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့၌ ယနေ့တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုမှ တရားခံ အမျိုးသမီး တစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၇ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က အမှုမှတရားခံ ယောက်သွားအင်းကျေးရွာနေ မလွင်မာစိုး (၂၅) နှစ်သည် ၎င်း၏နေအိမ်တွင် ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းသည် လူမှုကွန်ရက်စာမျက်နှာ၌ Soe Lwin Mar အကောင့်ဖြင့် လူစုလူဝေး ဖြစ်ပေါ်စေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ အစိုးရဝန်ထမ်းများအား ပြစ်မှုကျူးလွန်စေရန် ကြံရွယ်ဆောင်ရွက်ခြင်း စသည်တို့ကို ရေးသားဖော်ပြခဲ့သောကြောင့် အမှုဖွင့် အရေးယူထားရှိခြင်းဖြစ်ကြောင်း သိရသည်။



မလွင်မာစိုး



ယွန်းမီမီကျော်



ကျော်သက်အောင်

အလားတူ မေ ၂၉ ရက်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာပေါ်တွင် လှုံ့ဆော်စာများ ရေးသားခြင်း၊ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သော မယွန်းမီမီကျော် (ဘ) ဦးတင်မောင်အား ၎င်းနေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်(၁)လမ်း မြို့ဟောင်း(၂)လမ်း အမှတ် (၈၇၄) A/B ၌လည်းကောင်း၊ အများပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား နှောင့်ယှက်ရန် ရည်ရွယ်၍ ညစဉ် သံပုံးတီးရန် ဦးဆောင်နှိုးဆော်သူ ကျော်သက်အောင် (ဘ) ဦးစန်းအောင်အား ၎င်းနေထိုင်ရာ စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် ဇမ္ဗူရစ်လမ်း အမှတ် (၁၈) (၅)လွှာ၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများ၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**


## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၃၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် မေ ၂၉ ရက်နှင့် ယနေ့တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပြင်သာကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် အဆိုပါကျေးရွာ၏ အရှေ့ဘက်ကမ်းရှိ လူမနေသည့် တဲအတွင်းမှ ဆူပူအကြမ်းဖက်မှုပြုလုပ်ရာတွင် အသုံးပြုသည့် တူမီးသေနတ် သုံးလက်နှင့် PSI စလောင်း တစ်ခုကိုလည်းကောင်း၊ ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ The Chinland Post ဂျာနယ်အယ်ဒီတာဖြစ်သူ ဆလိုင်းဘွေအုပ်ထန်၏နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့်ပစ္စည်းများနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ကလေးမြို့ တပ်ဦးသီတာရပ်ကွက် ဘူတာရုံအနီး၌ လက်လုပ်သေနတ် နှစ်လက်ကိုလည်းကောင်း၊ မကွေးမြို့ အဝေရာလမ်းနှင့် တောင်တွင်းလမ်းထောင့်ရှိ သစ်ပင်ခွကြား၌ ဒေသန္တရချိန်ကိုက်မိုင်း တစ်လုံးကိုလည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ်၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အောက်ကြည့်မြင်တိုင်လမ်း အမှတ်(၁၅၇)ဒုတိယထပ် ဆောက်လုပ်ဆဲတိုက်အတွင်း၌ ဆူပူအကြမ်းဖက်ဆန္ဒပြရာတွင် အသုံးပြုသည့် ပစ္စည်းများတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ စောရန်ပိုင်အရှေ့ရပ်ကွက် အေလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းကြား၌ ဒိုင်းမျိုးစုံအချပ် ၅၀ ကိုလည်းကောင်း၊ အဆိုပါ ဆောက်လုပ်ဆဲတိုက်အတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ရှစ်လုံး၊ နို့ဆီဘူးခွံဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံး၊ ကန့်မှုန့် တစ်ထုပ်၊ ဓာတ်ဆီ ရေသန့်ဘူး တစ်ဘူး၊ သံဆူးချွန် ၃၀ ၊ ဖိုက်ဘာဦးထုပ် ၂၀၊ ဓာတ်ငွေ့ကာ ၁၀ ခု၊ ဒိုင်းမျိုးစုံ ၁၂ ချပ်နှင့် နိုင်ငံတော်ဆန့်ကျင်ရေး စာသားပါ ဗီနိုင်း/ ဆိုင်းဘုတ် ၁၂ ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကံရပ်ကြီးရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်း၌ လက်နက်အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ကံသာယာရပ်ကွက်နေ အောင်ထွန်း(ခ) နေနေ(၂၂)နှစ်(ဘ)ဦးလှိုင်ဦးအားတွေ့ရှိပြီး ၎င်းကိုင်ဆောင်ထားသော အစိမ်းရောင် ပြောက်ကျားအိတ်အတွင်းမှ ပွိုင့် ၂၂ သေနတ် တစ်လက်၊ ၎င်းကျည်အတောင့် ၂၀၊ Scope နှစ်ခုနှင့် WY စိတ်ကြွဆေးပြား နှစ်ပြားတို့အား သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ Rifle Scope တစ်ခု၊ အသံတိတ်ပြောင်း တစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့် သို့ဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မေ ၁ ရက်မှစပြီး စားသောက်ကုန်လေးမျိုးကို နယ်စပ်ဒေသများမှ တင်သွင်းခွင့်မပြုဘဲ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုမည်

တွေ့ဆုံမေးမြန်း
စိမ်းခက်၊ လင်းလက်
ဓာတ်ပုံ-ကိုဇော်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အစားအသောက် ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် စနစ်တကျ စစ်ဆေးနိုင်ရေး၊ ပြည်တွင်း SMEs လုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်ယှဉ်ပြိုင်မှု အကာအကွယ်ပေးနိုင်ရေးတို့အတွက် ရည်ရွယ်ကာ ပထမအဆင့်အနေဖြင့် အချိုရည်မျိုးစုံ၊ ကော်ဖီမစ်မျိုးစုံ/ တီးမစ်မျိုးစုံ၊ Instant Coffee ၊ နို့ဆီ/နို့စိမ်းစသည့် စားသောက်ကုန်လေးမျိုးကို ၂၀၂၁ခုနှစ် မေ ၁ ရက်ကစပြီး နယ်စပ်ဒေသများမှ ယာယီတင်သွင်းခွင့်မပြုဘဲ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုခြင်းနှင့်စပ်လျဉ်းပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။


အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း


ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ


ညွှန်ကြားရေးမှူး ဒေါ်ဝင်းမင်းဖြိုး


ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး

**ဦးမင်းမင်း (အမြဲတမ်းအတွင်းဝန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

**မေး။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မေလ ၁ရက်နေ့ကစပြီး နယ်စပ်ကနေ ကုန်စည်လေးမျိုး တင်သွင်းခြင်း ကန့်သတ်ရတဲ့ အကြောင်းရင်းကို သိလိုပါတယ်။**

ဖြေ။ ။ အစားအသောက် ဘေးကင်းလုံခြုံမှုရှိစေရေးနဲ့ စနစ်တကျ စစ်ဆေးနိုင်ရေး၊ ပြည်တွင်းSMEs လုပ်ငန်းတွေက ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေအပေါ် ဈေးကွက်ယှဉ်ပြိုင်မှု အကာအကွယ်ပေးနိုင်ရေး တင်ပြချက်တွေအရ ၂၀၂၁ ခုနှစ် မေလ ၁ ရက်ကစပြီး နယ်စပ်ဒေသတွေက ယာယီတင်သွင်းခွင့်မပြုဘဲ ပင်လယ်ရေကြောင်းကသာ တင်သွင်းခွင့်ပြုပေးသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ကုန်သွယ်မှုမှာ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းက ဝင်ရောက်လာတဲ့ စားသောက်ကုန်တွေကို အတိုင်းအတာတစ်ခုအထိ စစ်ဆေးဆောင်ရွက်နေသည့်တိုင် နိုင်ငံအတွင်း တရားမဝင်မှောင်ခိုလမ်းကြောင်းတွေက ဝင်ရောက်လာတဲ့ စားသောက်ကုန်တွေကို စစ်ဆေးကြပ်မတ်နိုင်ဖို့ အကန့်အသတ်တွေ များစွာရှိနေပြီး တရားမဝင်နယ်စပ် လမ်းကြောင်းတွေကနေ အချိုရည်အပါအဝင် စားသောက်ကုန်တွေ နည်းမျိုးစုံနဲ့ ပြည်တွင်းကို ဝင်ရောက်မှုတွေ ရှိနေပါတယ်။ နယ်စပ်လမ်းကြောင်းတွေကနေ တင်သွင်းခွင့်ပြုရင် တရားမဝင်တင်သွင်းမှုနဲ့ ရောနှောနေပြီး တင်သွင်းခြင်းကို စစ်ဆေးရေးဂိတ်တွေမှာ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရာမှာ အခက်အခဲများ ရှိနေတဲ့အတွက်ကြောင့် ပင်လယ်ရေကြောင်းကသာ တင်သွင်းခွင့်ပြုပေးခြင်း ဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းတွေကို အားပေးကူညီပြီး နိုင်ငံတော်ရဲ့ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆောင်ရွက်ဖော်ဆောင်ရေးကိုလည်း တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ အခုလို စားသောက်ကုန်စည်လေးမျိုး တင်သွင်းမှု ပိတ်လိုက်တဲ့အပေါ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေက ဘာတွေဖြစ်မလဲ။ ကုန်သည်တွေအတွက်ရော ထိခိုက်နစ်နာမှု ရှိနိုင်ပါသလား။**

ဖြေ။ ။ အဆိုပါ ကုန်စည်တွေကို နယ်စပ်ဒေသတစ်ခုတည်းကပဲ တင်သွင်းခွင့်ကို ယာယီရပ်ဆိုင်းခြင်းဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းကနေ တင်သွင်းခွင့်ပြုထားတဲ့အတွက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များအနေနဲ့ မြန်မာနိုင်ငံကို တင်သွင်းခွင့် ဆက်လက်ရရှိထားမှာ ဖြစ်ပါတယ်။

ဒီလိုပင်လယ်ရေကြောင်းက တင်သွင်းလာခြင်းအားဖြင့် အစားအစာ လုံခြုံစိတ်ချရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေက လုံလောက်စွာ စစ်ဆေးခွင့်ပြုပေးနိုင်တဲ့ အခြေခံအဆောက်အအုံနဲ့ ကျွမ်းကျင်ပညာရှင်တွေလည်း လုံလောက်တဲ့အတွက် ပြည်သူများအတွက် ကျန်းမာရေးအရ လုံခြုံစိတ်ချမှုကို ပိုမိုရရှိစေမှာ ဖြစ်ပါတယ်။

အခုလို နယ်စပ်တွေကနေ တင်သွင်းခွင့် ယာယီရပ်ဆိုင်းထားတဲ့ကာလတွေမှာ အစားအစာ လုံခြုံစိတ်ချစေရေးအတွက် သက်ဆိုင်တဲ့ဌာနဆိုင်ရာ အဖွဲ့အစည်းတွေက အခြေခံအဆောက်အအုံတွေ တိုးချဲ့ခြင်း၊ ကျွမ်းကျင်သူတွေ တိုးချဲ့ခန့်ထားခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် နောင်နယ်စပ်ကုန်သွယ်မှုမှာ အဆိုပါ ပစ္စည်းတွေကို လုံခြုံစိတ်ချစွာ တင်သွင်းခွင့်ပြုနိုင်မှာ ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ပြည်တွင်း စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်မယ့် အခွင့်အရေးတွေ ရရှိနိုင်မှာဖြစ်ပါတယ်။ ရေတိုမှာ အဆင်မပြေမှု အနည်းငယ်ရှိနိုင်ပေမယ့် ရေရှည်မှာ အများပြည်သူ ကျန်းမာရေးအတွက် ပင်လယ်ရေကြောင်းက ဆက်လက်တင်သွင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ထိခိုက်နစ်နာမှုတွေကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ပြောရရင် လုပ်ငန်းသုံးမော်တော်ယာဉ်တွေ တင်သွင်းမှုမူဝါဒ ဆောင်ရွက်ခဲ့တဲ့ သာဓကအရ တင်သွင်းသူကလည်း တာဝန်ယူမှု၊ တာဝန်ခံမှု ပိုအားကောင်းလာသလို စားသုံးသူတွေရဲ့ နစ်နာမှုကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။

**ဦးမြင့်သူရ (ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန)**

**မေး။ ။ အခုလို နယ်စပ်ကနေ တင်သွင်းမှုကို ကန့်သတ်တာက ထိုင်းနိုင်ငံတစ်ခုတည်းနဲ့သာ သက်ဆိုင်ပါသလား သိလိုပါတယ်။**

ဖြေ။ ။ စားသောက်ကုန် လေးမျိုးကို နယ်စပ်ဒေသတွေကနေယာယီ တင်သွင်းခွင့် ကန့်သတ်တာက ထိုင်းနိုင်ငံ နယ်စပ်တစ်ခုတည်းသာမဟုတ်ဘဲ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိတဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နဲ့ နှစ်နိုင်ငံ တရားဝင် ဖွင့်လှစ်ထားတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းအားလုံးကနေ တင်သွင်းတာနဲ့ သက်ဆိုင်ပါတယ်။

**မေး။ ။ အခုလို ကုန်ပစ္စည်း လေးမျိုးကို နယ်စပ်ကနေ တင်သွင်းမှု ကန့်သတ်လိုက်တဲ့အတွက် နယ်စပ်ကုန်သွယ်မှုအပေါ် ထိခိုက်မှုရှိနိုင်ပါသလား။**

ဖြေ။ ။ ကုန်ပစ္စည်းလေးမျိုးကို နယ်စပ်ကနေ တင်သွင်းမှု ကန့်သတ်တာက ယာယီကန့်သတ်တာဖြစ်ပြီး ပင်လယ်ရေကြောင်းနဲ့ လေကြောင်းတို့ကနေ ပုံမှန်တင်သွင်းခွင့်ပြုထားပါတယ်။ အခုလို နယ်စပ်ကနေ တင်သွင်းမှုကန့်သတ်လိုက်တဲ့ ကုန်ပစ္စည်း လေးမျိုးက မရှိမဖြစ်လိုအပ်တဲ့ပစ္စည်းတွေ မဟုတ်တာကြောင့် ကုန်သွယ်မှုလုပ်ငန်းတွေအပေါ် ထိခိုက်မှု မရှိပါဘူး။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေကိုလည်း ချီးမြှောက်အားပေးရာ ရောက်ပါတယ်။

**မေး။ ။ အခုလို ကုန်ပစ္စည်း လေးမျိုးကို နယ်စပ်ကနေ တင်သွင်းမှု ကန့်သတ်လိုက်ခြင်းဟာ တရားမဝင် ကုန်သွယ်မှုနဲ့ သက်ဆိုင်ပါသလား။**

ဖြေ။ ။ တရားမဝင် ကုန်သွယ်မှုနဲ့လည်း သက်ဆိုင်ပါတယ်။ တရားမဝင် ကုန်သွယ်မှုစာရင်းတွေအရ ထိုင်းနယ်စပ် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်တဲ့ မြဝတီကုန်သွယ်ရေးစခန်းကနေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ သွင်းကုန်အနေနဲ့ အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၁၈၉ သန်းရှိပြီး တစ်ဖက်နိုင်ငံ ပို့ကုန်စာရင်းအရ အမေရိကန်ဒေါ်လာ ၁၈၃ ဒသမ ၇၄၂ သန်း ဖြစ်တဲ့အတွက် ကွာဟမှု အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၅၅၃ သန်း ရှိတာ စိစစ်တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ ပို့ကုန်နဲ့ ထိုင်းနိုင်ငံရဲ့ သွင်းကုန်နှိုင်းယှဉ်ချက်မှာ ကွာဟမှု အနည်းငယ်သာရှိပြီး မြန်မာနိုင်ငံ သွင်းကုန်၊ ထိုင်းနိုင်ငံပို့ကုန်အနေနဲ့ ကွာဟမှုမှာ နှစ်စဉ် နှစ်ဘီလီယံကျော်ခန့် ရှိတာ တွေ့ရှိရပါတယ်။

**မေး။ ။ ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ ကိုဗစ်-၁၉ ကာလမှာကုန်သွယ်မှုလုပ်ငန်းတွေအတွက် ဖြေလျှော့ပေးမှုတွေ ဆောင်ရွက်ပေးခဲ့တာ ရှိပါသလား။**

ဖြေ။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ကောက်ခံလျက်ရှိတဲ့ သွင်းကုန်လိုင်စင်ကြေးနှုန်းထားတွေအစား သွင်းကုန် လိုင်စင်တစ်စောင်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းနဲ့ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်နေ့ကစတင်ကာ ဖြေလျှော့ပေးခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်ကစပြီး Myanmar Trade net 2.0 စနစ် ပြောင်းလဲဆောင်ရွက်တဲ့အချိန်ကစပြီး HS Line အားလုံးကို Fully Online Licensing စနစ်နဲ့ ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်တွေ လုပ်ငန်းဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့စေရေးအတွက် လိုင်စင်လျှောက်ထားမှု လုပ်ငန်းတွေ ဖြေလျှော့ပေးမှုအနေနဲ့ ပို့ကုန်၊ သွင်းကုန် လိုင်စင် လျှောက်ထားဖို့ လိုတဲ့ ကုန်စည်စာရင်းတွေအနက်က HS Code 2017 Version အရ ကုန်စည်လိုင်းပေါင်း ၁၁၀၀၀ ကျော်ရှိရာ ကုန်စည်လိုင်း ၁၂၄ လိုင်းသာ ပို့ကုန်လိုင်စင်လျှောက်ထားဖို့ လိုအပ်ပြီး ကုန်စည်လိုင်း ၃၇၃၁ လိုင်းသာ သွင်းကုန်လိုင်စင် လျှောက်ထားဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပို့ကုန်ပိုင်းမှာဆိုရင် စုစုပေါင်း ကုန်စည်လိုင်းအားလုံးရဲ့ ၁၁ ရာခိုင်နှုန်းခန့်နဲ့ သွင်းကုန်ပိုင်းမှာဆိုရင် စုစုပေါင်း ကုန်စည်လိုင်းအားလုံးရဲ့ ၃၅ ရာခိုင်နှုန်းခန့်သာ လိုင်စင်လျှောက်ထားဖို့ လိုအပ်တော့မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ကိုဗစ်-၁၉ကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် ဆေးဝါးတွေနဲ့ ဆေးဝါးကုန်ကြမ်းတွေ အားလုံးအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုတာကို ၁၁-၄-၂၀၂၀ ရက်နေ့မှာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဖြေလျှော့ဆောင်ရွက်ခဲ့ပါတယ်။

**ဒေါ်ဝင်းမင်းဖြိုး (ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန)**

**မေး။ ။ အခုထုတ်ပြန်တဲ့ ကိစ္စရပ်တွေက နိုင်ငံတကာ ကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းတွေနဲ့ ကိုက်ညီမှု ရှိပါသလား။**

ဖြေ။ ။ နိုင်ငံတကာ ကုန်သွယ်မှု စည်းမျဉ်း စည်းကမ်းတွေ ဆိုတာ နက်နဲကျယ်ပြန့်ပါတယ်။ မြန်မာနိုင်ငံသာမက ကုန်သွယ်ဖက် နိုင်ငံအားလုံးမှာ ကိုယ့်နိုင်ငံလိုအပ်ချက်အရ ကုန်သွယ်မှု စည်းမျဉ်း စည်းကမ်းတွေကို အမျိုးစုံချမှတ်ကျင့်သုံးကြတာ အားလုံးလည်း သိရှိကြမှာဖြစ်ပါတယ်။ဒါ့ကြောင့် ဒီမေးခွန်းကိုပဲ တိုက်ရိုက်ဖြေဆိုရမယ် ဆိုရင်တော့ ကိုက်ညီမှုရှိပါတယ်။**စာမျက်နှာ ၂၅ သို့** ✫

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မြို့ ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၇ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၃၀-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၉-၄-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃၀-၄-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၅၃၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း(၂,၅၇၆,၃၀၇)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၁၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၆၆)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

☆ စာမျက်နှာ ၂၄ မှ

ကုန်သွယ်မှုရဲ့ အခြေခံအကျဆုံး နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နဲ့ အာဆီယံတို့လို ဒေသတွင်း အဖွဲ့အစည်းတွေအနေနဲ့ ကုန်စည်တွေ လွတ်လပ်စွာ ဈေးကွက်ဝင်ရောက်ခွင့်ကို အခြေခံမှုအဖြစ်နဲ့ ဆောင်ရွက်ကြပေမယ့် လည်း အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မိမိတို့ နိုင်ငံရဲ့ လိုအပ်ချက်အရ ပြည်တွင်း စည်းမျဉ်း စည်းကမ်းတွေကို ကုန်သွယ်မှု ဘာသာရပ်တွေအလိုက် လိုက်လျော ညီထွေဖြစ်အောင် ပြဋ္ဌာန်းဆောင်ရွက် ကြပါတယ်။

အဖွဲ့ဝင် နိုင်ငံတွေအနေနဲ့ လိုက်နာရမယ့် တာဝန်ဝတ္တရားတွေရှိသလို ခြွင်းချက်ပေးထားတဲ့ အချက်တွေလည်း ရှိတော့ ဒီဘောင်ထဲကနေပဲ ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ဥပမာ-ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့မှာဆိုရင် General Exception ဆိုပြီး ပြဋ္ဌာန်းချက် ထည့်သွင်းထားတာရှိတယ်။ ပြည်သူလူထု၊ အပင်၊ တိရစ္ဆာန်နဲ့ အစားအသောက်သန့်ရှင်း ကျန်းမာရေးအတွက် လိုအပ်တဲ့ ကန့်သတ်ချက်တွေကို ဆောင်ရွက်ခွင့်တွေ ပါဝင်ပါတယ်။ အာဆီယံကလည်း ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ရဲ့ သဘောတူညီချက်တွေကို အခြေခံထားတာတွေ ပါဝင်ပါတယ်။

လက်ရှိ မြန်မာနိုင်ငံရဲ့ နယ်စပ်ကုန်သွယ်မှုမှာ အစားအသောက်နဲ့ ဆေးဝါးတွေ စစ်ဆေးမှု အပါအဝင် အပင်၊ ပိုးပွားစစ်ဆေးမှု၊ တိရစ္ဆာန်နဲ့ တိရစ္ဆာန် အစားအစာ သန့်ရှင်းကျန်းမာရေးတို့ကို စစ်ဆေးဖို့ သက်ဆိုင်တဲ့ အခြေခံအဆောက်အအုံပိုင်းနဲ့ ကျွမ်းကျင်ပညာရှင်တွေ လုံလောက်အောင်ထားရှိ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။ ဒါ့အပြင် ဒီနေ့ ဆွေးနွေးပွဲမှာ အကြီးအကဲတွေ ရှင်းလင်းဆွေးနွေးပေးသွားပြီးလည်း ဖြစ်တဲ့ နယ်စပ်တရားမဝင် မှောင်ခိုလမ်းကြောင်းတွေကနေ ဝင်ရောက်တဲ့ စားသောက်ကုန်တွေရှိနေတယ်။ အဲဒီ စားသောက်ကုန်တွေကို စစ်ဆေးကြပ်မတ်နိုင်ဖို့ အကန့်အသတ်များစွာ ရှိနေပါသေးတယ်။ ဒါ့ကြောင့် အချိုရည်မျိုးစုံ၊ ကော်ဖီမစ်မျိုးစုံ/တီးမစ်မျိုးစုံ၊ Instant Coffee၊ နို့ဆီ/နို့စိမ်း တို့ကို နယ်စပ်ကနေ တင်သွင်းဖို့ ကန့်သတ်မှုမှာ အများပြည်သူ ကျန်းမာရေးအတွက်ဆိုတဲ့ အကြောင်းပြချက်လည်း ပါဝင်သလို ပင်လယ်ရေကြောင်းကနေ တင်သွင်းမှုတွေကို ပိုမိုအားပေးဖို့လည်း ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့နဲ့ အာဆီယံကိုလည်း ပွင့်လင်းမြင်သာမှုရှိစေရေးမူအရ အသိပေးကြေညာခြင်း(notification) ကို ပေးပို့ဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ အာဆီယံနိုင်ငံတွေရဲ့ တုံ့ပြန်မှုက ဘယ်လိုရှိလာနိုင်သလဲ။**

ဖြေ။ ။ အာဆီယံနိုင်ငံတွေထဲမှာတော့ လက်ရှိ နယ်စပ်က ပိတ်လိုက်တာဖြစ်တာကြောင့် အဓိက ထိုင်းနိုင်ငံအနေနဲ့ နှစ်နိုင်ငံညှိနှိုင်းမှုတွေ တောင်းဆိုလာတာတွေရှိပါတယ်။ အခုကိစ္စကလည်း ပြည်တွင်းထဲ တင်သွင်းခွင့်ကို လုံးဝပိတ်ပင်ခြင်းမဟုတ်ဘဲ ပင်လယ်ရေကြောင်းကနေ တင်သွင်းခွင့် ပြုထားတဲ့အတွက် ထိုင်းနိုင်ငံနဲ့ ကုန်သွယ်မှုမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်မှာ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၊ မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံ)**

**မေး။ ။ မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်မှာ လက်ရှိကုန်သွယ်မှု အခြေအနေကို သိချင်ပါတယ်။**

ဖြေ။ ။ မြဝတီနယ်စပ်မှာ အဓိက ထုတ်ကုန်ပိုင်းမှာ တော်တော်လေး တင်ပို့မှုတွေ များလာပါတယ်။ အထူးသဖြင့် ပြောင်းက တစ်ဖက်နိုင်ငံကနေပြီး အမှာစာရှိတဲ့အတွက် ပြောင်းတင်ပို့မှုက အများဆုံးရှိနေပါတယ်။ ဒါနဲ့တစ်ဆက်တည်း CMP အထည်ပစ္စည်းတွေ၊ စက်မှုပစ္စည်းတွေ၊ ကုန်ချောတွေ ဒါတွေက ဒုတိယလိုက်ပါတယ်။ တခြား လယ်ယာထွက်ကုန်ပစ္စည်းတွေ၊ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုတွေ အများဆုံးဖြစ်နေပါတယ်။ သွင်းကုန်ပစ္စည်းမှာတော့ စက်ပစ္စည်းတွေ၊ ဆောက်လုပ်ရေးပစ္စည်းတွေ အများဆုံး တင်သွင်းနေပါတယ်။ စားသောက်ကုန် ပစ္စည်းတွေကတော့ အနည်းအကျဉ်း တင်သွင်းနေပါတယ်။ သွင်းကုန်ပစ္စည်းပိုင်းမှာတော့ ပထမဆုံး ချစ်ကြည်ရေးတံတားကနေပြီးတော့ BGF ဇုန်မှာ တင်သွင်းတဲ့အပိုင်းမှာ အကောက်ခွန်ဘက်ကနေ စာရင်းသွင်းပါတယ်။

နောက်ပြီး မြို့ထဲမှာရှိတဲ့ ဂိုဒေါင်တွေမှာ ဂိုဒေါင်ချဆောင်ရွက်ပါတယ်။ ပြီးတော့မှ မြဝတီကုန်သွယ်ရေးဇုန်မှာ အခွန်ဆောင်ပြီးတော့ အမှန်တင်သွင်းမှုတွေ ဆောင်ရွက်ပါတယ်။ အဲဒီအပိုင်းမှာ ကျွန်တော်တို့ ချစ်ကြည်ရေးတံတားကနေပြီးတော့ မြို့ထဲမှာ ဂိုဒေါင်ချတယ်။ အမှန်တင်သွင်း ဆောင်ရွက်တဲ့အချိန်မှာ တံတားဝင်ရောက်မှုအားလုံးက အမှန်တင်သွင်းဆောင်ရွက်ခြင်း မရှိပါဘူး။ ဒါ့အပြင် သောင်ရင်းမြစ်ဘေးမှာရှိတဲ့ တရားမဝင် ကူးတို့ဆိပ်တွေလည်း ရှိပါသေးတယ်။ ဒီကူးတို့ဆိပ်တွေကနေပြီးတော့ တရားမဝင် ဝင်ရောက်မှုတွေလည်း ရှိနေပါတယ်။

ဒီအချက်တွေကြောင့် ကျွန်တော်တို့ ဒါကို ပြန်ပြီး စိစစ်ကြည့်လိုက်တဲ့အချိန်မှာ ပြီးခဲ့တဲ့လတွေမှာ ပြန်နှိုင်းယှဉ်ကြည့်လိုက်ရင် မြဝတီကုန်သွယ်ရေးဇုန်မှာ အမှန်တင်သွင်းတဲ့ အစီးရေ ၅၀၀၀ ဝန်းကျင်ရှိတဲ့အချိန်မှာ လမ်းကြောင်းမှာရှိတဲ့ သဃ်ာန်းညီနောင် တိုးဂိတ်၊ ဂျိုင်းတံတားဂိတ်တို့က ပြန်ချိန်ကြည့်လိုက်ရင် အစီးရေ တစ်သောင်းကျော်လောက် ကျွန်တော်တို့ထက် ပိုများနေပါတယ်။ အဲဒီလတွေမှာ စီးရေ တစ်သောင်းကျော်လောက်က တရားမဝင်ကုန်သွယ်မှု ကုန်စည်တင်သွင်းမှုတွေ ဖြစ်နေပါတယ်။ အထူးသဖြင့် တစ်ဖက်နိုင်ငံက တင်သွင်းတဲ့ ကုန်ပစ္စည်းတွေမှာ စားသောက်ကုန် ကုန်ပစ္စည်းတွေက ကုန်သွယ်ရေး လမ်းကြောင်းကနေ တရားမဝင် သယ်ဆောင်မှုတွေ ပိုများတဲ့ အနေအထား ရှိပါတယ်။

ပို့ကုန်ကတော့ လက်ရှိ ဒီဘက်မှာ ကုန်သွယ်ရေး လမ်းကြောင်းက ရန်ကုန်ကနေဆို တစ်ရက်နဲ့လည်း ရောက်နိုင်တယ်။ တစ်ညအိပ်နဲ့လည်း ရောက်နိုင်တယ်။ ဟိုဘက်ကမ်းကိုလည်း တစ်ခါတည်း တန်းပြီး သွားနိုင်တယ်။ မြန်ဆန်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ လမ်းကြောင်းကနေ ကုန်ပစ္စည်းတင်ပို့မှု များလာပါတယ်။ နောင်လည်း ဒီထက် ပိုများလာနိုင်တဲ့အခြေအနေလည်း ရှိပါတယ်။ သွင်းကုန်ပစ္စည်းပိုင်းကတော့ လက်ရှိဆောင်ရွက်နေတဲ့ ကုန်သွယ်မှုမှာ တရားမဝင်ဖြစ်နိုင်တဲ့ အခြေအနေပေါ်မှာ အဆင့်လိုက် BGF ဇုန်ရောက်တဲ့အပိုင်းမှာ ကြပ်မတ်ဖို့လိုမယ်။ တရားမဝင် ကူးတို့ဆိပ်တွေက ဝင်ရောက်တဲ့အပေါ်မှာလည်း ကုန်သွယ်ရေးလမ်းကြောင်းပေါ်က စစ်ဆေးမှုတွေ ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်နိုင်မယ်ဆိုရင် တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းပေါ် တက်လာနိုင်ပါတယ်။ ဒါ့အပြင် အခုဖြစ်နေတဲ့ ဘဏ်အပိုင်းက အခက်အခဲတွေကိုလည်း မြန်မြန်ဆန်ဆန် ဝိုင်းဝန်းဖြေရှင်းပေးပြီး ရေရှည်မှာ ကုန်သွယ်မှုအတွက် နိုင်ငံတကာနည်းတူ အလွယ်တကူ ဆောင်ရွက်နိုင်မယ့် ဘဏ်စနစ်မျိုး ဖြစ်အောင် စီမံပေးစေချင်ပါတယ်။ ဒီအတွက်ကိုလည်း သက်ဆိုင်ရာကော်မတီတွေက စီစဉ်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ■

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# မိမိကစ ငှက်ဖျားရောဂါမဖြစ်စေရေး

တင်ထက်ထက်ဇော်

လူ့ခန္ဓာကိုယ်တွင်း ငှက်ဖျားရောဂါပိုး တစ်ကြိမ်ဝင်သွားပါက ရောဂါအမြစ်ပြတ် ပျောက်ကင်းဖို့ ခဲယဉ်းလှပေသည်။ ပြင်းထန်သောအခြေအနေတွင် တစ်ကြိမ်တည်းဖြင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်တတ်သည်။ ငှက်ဖျားရောဂါသည် ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဖြစ်များသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က နှစ်စဉ် ဧပြီလ ၂၅ရက်နေ့ကို World Malaria Day (ကမ္ဘာ့ငှက်ဖျားရောဂါနေ့) အဖြစ် သတ်မှတ်ကာ ကျန်းမာရေးအသိပေးလှုံ့ဆော်မှုများ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသည်။ ယခု ၂၀၂၁ ခုနှစ်အတွက် ဆောင်ပုဒ်မှာ "Zero malaria starts with me" (မိမိကစ ငှက်ဖျားရောဂါမဖြစ်စေရေး) ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ငှက်ဖျားရောဂါ ကူးစက်ခံစားရဆုံးသူများမှာ အာဖရိကလူမျိုးများ ဖြစ်ကြသည်။ ထို့ကြောင့် တောင်အာဖရိက ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (SADC) ကလည်း နှစ်စဉ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၆ ရက်နေ့ထိကို "SADC Malaria Week" အဖြစ် သတ်မှတ်ထားပြီး နိုဝင်ဘာလ ၆ ရက်နေ့ကို "SADC Malaria Day" အဖြစ် သတ်မှတ်ထားသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်း၌ ငှက်ဖျားရောဂါပိုးဖြစ်ပွားသူ ၂၀၉ သန်း ရှိနေခြင်းကလည်း ကမ္ဘာ့နိုင်ငံအသီးသီးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂက ထောင်စုနှစ်ရည်မှန်းချက်အဖြစ် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ခွင် ငှက်ဖျားရောဂါ ကင်းစင်ပပျောက်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု တရားဝင် ကြေညာထားသည်။ အဆိုပါစီမံချက်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ငှက်ဖျားဆေးဝါးများ ပိုမိုဖြန့်ဖြူးလာသည့်အတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့မှာ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း တဖြည်းဖြည်းသိသိသာသာကျဆင်းလာခဲ့ပြီ ဖြစ်သည်။ အဆိုပါစီမံချက်အတိုင်း မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါကင်းဝေးရေးအတွက် ဦးတည်ဆောင်ရွက်နေကြောင်း "ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနှင့် အာဆီယံ သွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနား" သတင်းများအရ သိရသည်။ ၎င်းအထိမ်းအမှတ် အခမ်းအနားကို "End Malaria For Good" (လူသားအားလုံးကျန်းမာဖို့အရေး ငှက်ဖျားရောဂါ တိုက်ဖျက်မနှေး)နှင့် "United Fight Against Dengue" (သွေးလွန်တုပ်ကွေး တိုက်ဖျက်ဖို့၊ စုပေါင်းညီညာဆောင်ရွက်စို့) ဟူသောဆောင်ပုဒ်နှင့်အညီ ၂၀၁၇ ခုနှစ်က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။

### မြန်မာနိုင်ငံနှင့် ငှက်ဖျားရောဂါ

မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်က ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ လေးသိန်းကျော် ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ရောဂါဖြစ်စဉ် လျော့ကျသွားပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ မြန်မာပြည်တွင်းမှာ ငှက်ဖျားရောဂါဖြစ်ပွားသူဦးရေ တစ်သိန်းကျော်သာ ရှိတော့ကြောင်းနှင့် ယင်းနောက်ပိုင်း ရောဂါဖြစ်ပွားမှုနှုန်းများလည်း ကျဆင်းလာပြီဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ မည်သို့ပင်ဆိုစေကာမူ ငှက်ဖျားရောဂါသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။ ကမ္ဘာ့ငှက်ဖျားရောဂါ ဖြစ်ပွားသေဆုံးမှု၏ ၉၀ ရာခိုင်နှုန်းသည် အာဖရိကနိုင်ငံများတွင် ဖြစ်ပွားလျက်ရှိပြီး ဒုတိယအများဆုံး ဖြစ်ပွားသေဆုံးမှုနှုန်းမှာ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသည်လည်း အင်ဒိုနီးရှား၊ အိန္ဒိယနိုင်ငံတို့နှင့်အတူ ဖြစ်ပွားသေဆုံးမှုနှုန်း အများဆုံးတွင် ပါဝင်နေသည်။ မြန်မာ့လူဦးရေတစ်ဝက်ကျော်သည် ငှက်ဖျားရောဂါကူးစက်မှုအန္တရာယ်ရှိသည့်ဒေသများတွင် နေထိုင်ကြရပြီး ကုန်လွန်ခဲ့သော ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းစာရင်းအရ မြန်မာတစ်နိုင်ငံလုံးတွင် ငှက်ဖျားဖြစ်ပွားသူ သုံးသိန်းနီးပါး ရှိခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတ်တမ်းများတွင် ဖော်ပြထားသည်။ ဒေသန္တရကျန်းမာရေးဝန်ထမ်းများက ကြိုးစားအားထုတ်လျက်ရှိသော်လည်း ယနေ့အချိန်အထိ ငှက်ဖျားရောဂါကို ထိထိရောက်ရောက် ချေမှုန်းနိုင်ရန် ခက်ခဲနေပါသေးသည်။



❖ ဆေးယဉ်ပါးငှက်ဖျားရောဂါဆိုသည်မှာ ငှက်ဖျားဆေးများ ပုံမှန်မသောက်ခြင်း၊ ငှက်ဖျားဆေးအတုများ သောက်သုံးမိခြင်းတို့ကြောင့် ဖြစ်ပွားလာရကာ ဆေးမတိုးသောငှက်ဖျားရောဂါအဖြစ်သို့ ရောက်ရှိလာခြင်းကို ခေါ်ပါသည်။

❖ ၎င်းဆေးယဉ်ပါးငှက်ဖျားရောဂါသည် ယခုအခါ အိမ်နီးချင်းနိုင်ငံတချို့မှာ ဖြစ်ပွားလျက်ရှိနေပြီး မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့လာခြင်း မဖြစ်ရလေအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများတွင် ယင်းရောဂါအတွက် အလေးထားကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ ဆေးဈေးကွက်တွင် ငှက်ဖျားဆေးအတုများ ဝင်ရောက်လာခြင်းမရှိစေရန် သက်ဆိုင်ရာအစိုးရဌာနများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။

### ကြောက်စရာငှက်ဖျား

ငှက်ဖျားရောဂါပိုးသယ်ဆောင်လာသည့် အနောဖလိဟုအမည်ရသော "ခြင်မ" ကိုက်ခံရခြင်းကြောင့် ငှက်ဖျားရောဂါ ဖြစ်လာရသည်။ ထိုကူးစက်ရောဂါပိုး ဖြစ်စေသည့် ခြင်မများက ညအခါမှာ ပို၍ကိုက်လေ့ရှိသည်။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားတတ်ပြီး အကယ်၍ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ငှက်ဖျားရောဂါဖြစ်သည့်အခါ အချိန်မတိုင်မီ ကလေးမီးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးမွေးဖွားခြင်း၊ မွေးဖွားပြီးပြီးချင်း ကလေးသေဆုံးခြင်း၊ သားလျှောခြင်းတို့ဖြစ်နိုင်သည်။ ထိုခြင်မအကိုက်ခံရပြီးနောက် ဆယ်ရက်မှ ရက်သတ္တသုံးပတ်အတွင်း ငှက်ဖျားပိုးဝင်သွားသည်။ လူ့ခန္ဓာကိုယ်တွင်း ငှက်ဖျားရောဂါပိုး တစ်ကြိမ်ဝင်မိပြီဆိုသည်နှင့် လုံးဝ အမြစ်မပြတ်နိုင်တော့ပေ (သို့မဟုတ်) လွန်စွာခဲယဉ်းသည်။ ထို့ကြောင့် ငှက်ဖျားရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများမှာ လွန်စွာများပြားလှသဖြင့် ခြင်ကိုက်မခံရအောင် နည်းအမျိုးမျိုးဖြင့် ကြိုတင်ကာကွယ်ထားသင့်ပါသည်။ အကယ်၍ ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည့်အရပ်ဒေသများသို့ မဖြစ်မနေသွားရမည်ဆိုပါက ဆရာဝန်နှင့်တိုင်ပင်ကာ ငှက်ဖျားကာကွယ်ဆေးကို ကြိုတင်သောက်သုံးခြင်း (သို့မဟုတ်) ကြိုတင်ဆေးထိုးခြင်း၊ ဆေးဆောင်ထားခြင်းပြုလုပ်သင့်ပါသည်။

### သတိပြုဖွယ် ဆေးယဉ်ပါးငှက်ဖျားရောဂါ

ပုံမှန်ပေးနေကျ ငှက်ဖျားဆေးများကို ခံနိုင်ရည်ရှိသော ဆေးယဉ်ပါးငှက်ဖျားရောဂါသည် အရှေ့တောင်အာရှနိုင်ငံများဆီ မြန်မြန်ဆန်ဆန် ကူးစက်ပျံ့နှံ့လာပြီဖြစ်ကြောင်း၊ အထူးသဖြင့် ဗြိတိန်နိုင်ငံနှင့် ထိုင်းနိုင်ငံဆေးပညာရှင်များက ထုတ်ဖော်ပြောကြားသည်။ ငှက်ဖျားရောဂါ နှိမ်နင်းတိုက်ဖျက်သောနေရာတွင် အောင်မြင်ဖြစ်ထွန်းမှုကြီးမားအောင် လုပ်ဆောင်လာနိုင်ခဲ့သော်လည်း ဆေးဒဏ်ခံနိုင်သော ရောဂါပျံ့နှံ့လာမှုက ခြိမ်းခြောက်လာလျက်ရှိသည်။ ထို့အတူ မြန်မာနိုင်ငံတွင်း လက်ရှိငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းနေသော်လည်း ဆေးယဉ်ပါးငှက်ဖျားရောဂါအတွက် စိုးရိမ်ရကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနက သတိပေးထားသည်။ ဆေးယဉ်ပါးငှက်ဖျားရောဂါဆိုသည်မှာ ငှက်ဖျားဆေးများ ပုံမှန်မသောက်ခြင်း၊ ငှက်ဖျားဆေးအတုများ သောက်သုံးမိခြင်းတို့ကြောင့် ဖြစ်ပွားလာရကာ ဆေးမတိုးသောငှက်ဖျားရောဂါအဖြစ်သို့ ရောက်ရှိလာခြင်းကို ခေါ်ပါသည်။ ၎င်းဆေးယဉ်ပါးငှက်ဖျားရောဂါသည် ယခုအခါ အိမ်နီးချင်းနိုင်ငံတချို့မှာ ဖြစ်ပွားလျက်ရှိနေပြီး မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့လာခြင်း မဖြစ်ရလေအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများတွင် ယင်းရောဂါအတွက် အလေးထားကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ ဆေးဈေးကွက်တွင် ငှက်ဖျားဆေးအတုများ ဝင်ရောက်လာခြင်းမရှိစေရန် သက်ဆိုင်ရာအစိုးရဌာနများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### ငှက်ဖျားရောဂါလက္ခဏာများ

ရောဂါလက္ခဏာများမှာ ချွေးစေးများထွက်ကာ ချမ်းတုန်၍ဖျားခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ အန်ခြင်း၊ ဝမ်းသက်ခြင်း စသည်တို့ဖြစ်သည်။ အကယ်၍ ရောဂါပြင်းထန်လာပါက သွေးအားနည်းခြင်း၊ ဆီးထဲတွင် သွေးပါခြင်း၊ ငှက်ဖျားပိုးဦးနှောက်ထဲရောက်ကာ သတိလစ်မေ့မြောခြင်း၊ အဖျားကြီးလွန်း၍ သတိလစ်မေ့မြောခြင်း၊ သွေးထဲတွင် သကြားဓာတ်လျော့ကျသွားခြင်း၊ အသက်ရှူလမ်းကြောင်းမှာ ပြဿနာကြီးဖြစ်လာခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ သရက်ရွက်ကြီးခြင်းတို့ ဖြစ်လာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်မြို့နယ်အတွင်း တောင်သူအကျိုးပြုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပဲခူး ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဧပြီ ၂၈ ရက် နံနက်ပိုင်းက ပြည်မြို့ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံဝင်းအတွင်း သံကူကွန်ကရစ်ငါးထပ် အထွေထွေရောဂါကုဆေးရုံ အဆောက်အအုံသစ် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံအတွင်းတာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများကို လမ်းညွှန်မှာကြားခဲ့ကာ ဆေးရုံ၌ တက်ရောက်ကုသနေသည့် လူနာများအား လိုက်လံကြည့်ရှု၍ အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇီးအုပ်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူလယ်သမားသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ တောင်သူများအတွက် နွေစပါးစိုက်ပျိုးရန် ရေလိုအပ်ချက်အား သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက်ရောက်လာသည့် ဒေသခံတောင်သူများအား ဟင်းသီးဟင်းရွက် ၁၀မျိုးပါ သီးနှံမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီးနောက် သင်တန်းကျောင်းအတွင်းရှိ စာသင်ခန်းမ၊ အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် စပါး၊ ငါး၊ ဝက်၊ ကြက်၊ ဘဲ ဘက်စုံစိုက်ပျိုးမွေးမြူရေး စုပေါင်းလယ်ယာစနစ် ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်မြို့ ကြည်သာအေးမြ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ဓမ္မသိင်္ဂီမင်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာစက္ကတို့အား သွားရောက်ဖူးမြော်ကန်တော့ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့ဆက်ဆောင်ရွက်မည့်



Road Map (၅)ချက်၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းစီ သိရှိလိုက်နာရမည့် အခြေခံအချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ပြီးနောက် ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ ဆုတောင်းပြည့် ရှေးဟောင်းရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကန်တော့ပြီး ဘက်စုံပြုပြင်နိုင်ရေးအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကာ နဝဒေးတံတား ချဉ်းကပ်လမ်းပြည်ဘက်ကမ်း ကတ္တရာကွန်ကရစ် AC ခင်းခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပန်းခင်းစီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ တက်ရောက်

**ကော့ကရိတ် ဧပြီ ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပန်းခင်းစီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးရဲထွန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လက်ဝယ်အရောက်ပေးအပ်**

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အဖွဲ့ဝင် (၁)၊အဖွဲ့ဝင် (၄)၊အဖွဲ့ဝင် (၅)နှင့် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၃၀ ကို ရပ်ကွက် (၁)၊ရေကျော်ကြီး ကျေးရွာအုပ်စု၊ ရန်ကုတ်ကျေးရွာအုပ်စုတို့ရှိ ကျေးလက် နေပြည်သူတစ်ဦးချင်း၏လက်ဝယ်အရောက်ပေး အပ်ခဲ့သည်။

**စောအောင်မျိုးလွင် (ပြန်/ဆက်)**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေများဖြင့် တရားစွဲဆိုရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ (၄) ၌ ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေများဖြင့် တရားစွဲဆိုရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စည်ပင်တရားရုံးများတွင် တရားစွဲဆိုထားသောအမှုများ ကြန့်ကြာနေခြင်းကြောင့် ပြည်သူများနစ်နာစေမှုများ မဖြစ်စေရန်နှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များ စနစ်တကျဖြစ်စေရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးဖြေရှင်းပေးကြရန် မှာကြားသည်။

**အရေးယူဆောင်ရွက်မည့် အစီအမံများ**

ထို့နောက် မြို့တော်ဝန်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ထွက်ပေါက်များ၊ ချောင်းများ၊ ရေမြောင်းများ၊ ရေစုကန်များမှ အမှိုက်များဆယ်ယူရှင်းလင်းခြင်း၊ ပိတ်ဆို့နေမှုများကို ပြန်လည်တူးဖော်ခြင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအတွက်မီးနီဖြတ်မောင်းခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း ၊ စည်းကမ်းမဲ့ယာဉ်နှစ်ထပ်ရပ်ထားခြင်း၊ ယာဉ်ကြောမျဉ်းသေခွ မောင်းခြင်း၊ ဖြူနီကျားတွင် ယာဉ်ရပ်တန့်ထားခြင်းများကို Control Centre မှတ်တမ်းများမှတစ်ဆင့် စောင့်ကြည့်အရေးယူဆောင်ရွက်မည့်အစီအမံများ၊ ရန်ကုန်မြို့ရေပေးဝေရေးလုပ်ငန်းအတွက် ဆောင်ရွက်နေသော လဂွန်းပြင်ရေပေးဝေရေးစီမံကိန်း၊ ရွှေ့လျားသောက်ရေသန့်စက်ဖြင့် နွေရာသီကာလ သောက်ရေရှားပါးသည့်နေရာဒေသများသို့ ပေးဝေနေမှုများ၊ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ထမ်းများက ဆောင်ရွက်နေမှုများနှင့်စည်ပင်သာယာရေးဥပဒေများဖြင့်တရားစွဲဆိုထားသောအမှုများ နှောင့်နှေးကြန့်ကြာစေမှုမရှိစေရေး ၊ နည်းလမ်းရှာဖွေဆောင်ရွက်ပေးပါရန် ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ စီမံဌာနမှူး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဌာနမှူးတို့က ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေ (၂၀၁၈) အရ တရားစွဲဆိုရာတွင် နှောင့်နှေးကြန့်ကြာနေသော အမှုများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရာ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် ရဲမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့ ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**

## (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၃၀**

ရန်ကုန်မြို့ ကန်တော်ကလေး၌ ပထမဆုံးအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံး ညီလာခံသို့ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်မိန့်ခွန်းပြောကြားခဲ့သော ၁၉၄၆ ခုနှစ် မေ ၅ ရက်ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ် အခမ်းအနားများ ကျင်းပခဲ့ရာ ယခုနှစ် မေ ၅ ရက်တွင် (၇၅) နှစ်မြောက် စိန်ရတုတိုင် ရောက်ရှိခဲ့ပြီဖြစ်သည်။

**ပေးအပ်လှူဒါန်း**

(၇၅) နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းအဖြစ် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်ချမ်းသာဘုရားကြီး၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်၍



ပြည်ထောင်စု နယ်မြေ နေပြည်တော်မီးသတ်ဦးစီးမှူးရုံးမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ကိုဗစ် - ၁၉ စည်းကမ်းချက်များနှင့်အညီ စုပေါင်းသန့်ရှင်းရေးနှင့် ဘုရားရင်ပြင်တော် ရေသပ္ပာယ်ခြင်း လုပ်ငန်းများကို ကုသိုလ်ပြု ဆောင်ရွက်ကာ တပ်ဖွဲ့ဝင်မိသားစုများက စုပေါင်းလှူဒါန်းငွေကျပ် ၁၀ သိန်းကို ရန်အောင်ချမ်းသာဘုရားကြီး ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သည် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီး၌ သွေးလိုအပ်သော လူနာများအတွက် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစကားပြောကြားပြီး ခွန်အားဖြည့်အစားအစာနှင့်ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုး**

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။ ဖုန်း - ၀၉ - ၄၃၁၀၁၈၀၆၂၊ ၀၉ - ၄၃၀၂၇၇၇၇
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်) ၀၉ - ၄၅၀၅၃၁၅၅၃၊ ၀၉ - ၄၂၀၇၀၆၈၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်) ဖုန်း - ၀၉ - ၄၄၀၀၄၂၂၁၄၊ ၀၉ - ၄၃၀၃၆၀၃၀၊ ၀၉ - ၄၂၀၀၄၅၆၁၃
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်) ဖုန်း - ၀၉ - ၄၅၀၀၂၅၅၇၀၊ ၀၉ - ၄၅၀၀၂၅၁၄၅၊ ၀၉ - ၇၇၃၀၉၃၉၃၁
- The Global New Light of Myanmar(ရန်ကုန်) ၀၉ - ၂၅၀၂၀၄၆၅၁၊ ၀၉ - ၇၇၀၆၇၇၅၁၁၊ ၀၉ - ၈၈၁၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ဖုန်း - ၀၉ - ၂၀၅၁၆၈၁၊ ၀၉ - ၄၄၂၂၇၁၁၀၇
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ) ဖုန်း - ၀၉ - ၂၅၄၄၁၆၆၁၀၊ ၀၉ - ၄၂၂၁၇၀၀၀၄
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်) ဖုန်း - ၀၉ - ၂၅၀၂၀၄၆၅၁၊ ၀၉ - ၄၂၂၂၁၈၉၅၁
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ဖုန်း - ၀၉ - ၆၈၇၉၀၂၇၁၇၊ ၀၉ - ၆၇၃၃၅၅၄၄၄
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား) ဖုန်း - ၀၉ - ၄၀၀၀၂၁၈၂၅
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး) ဖုန်း - ၀၉ - ၅၂၁၄၃၅၇
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး) ဖုန်း - ၀၉ - ၈၇၅၁၂၈၆၆
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) ဖုန်း - ၀၉ - ၅၁၇၁၁၂
- ကိုယ်ပွားသတင်းစာတိုက်(မကွေး) ဖုန်း - ၀၉ - ၂၅၉၁၈၅၆
- ကိုယ်ပွားသတင်းစာတိုက်(ကလေး) ဖုန်း - ၀၉ - ၂၅၀၆၅၅၀၇၉
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်) ဖုန်း - ၀၉ - ၇၈၁၉၀၇၈၀၇

## သင့်လုပ်ငန်းများအောင်မြင်ဖို့

မြန်မာ့အလင်း


ကြေးမုံ

GLOBAL NEW LIGHT OF MYANMAR

သတင်းစာတွင် ကြော်ငြာထည့်ကြစို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် [illegible]ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါရန်နှိုးဆော်ခြင်း








[illegible]




[illegible]



[illegible]



[illegible]



[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

[illegible]

၃။ [illegible]

(က) [illegible]

(ခ) [illegible]

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာညွှန်ကြားချက်(Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀)ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၄-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှတစ်ဆင့် COVID-19 ရောဂါပိုး ကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19)ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါ ညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၅-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**


ကြေးမုံ ယနေ့ ဖတ်စရာ

**ကျန်းမာရေးဝန်ထမ်းများ မိမိတို့ မူလလုပ်ငန်းခွင်သို့ အများအပြား ပြန်လည်ဝင်ရောက် ထမ်းဆောင်လျက်ရှိ**

စာမျက်နှာ » ၁၀

**ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၁၅၀ ကျော်ရှိလာ**



စာမျက်နှာ » ၁၃

**မေ ၁ ရက်မှစပြီး စားသောက်ကုန်လေးမျိုးကို နယ်စပ်ဒေသများမှ တင်သွင်းခွင့် မပြုဘဲ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုမည်**

စာမျက်နှာ » ၂၄




# မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး(ရန်ကုန်) ၂၄ နာရီ ဖွင့်လှစ်ထားရှိ

**ရန်ကုန် ဧပြီ ၃၀**

အရေးပေါ်ခွဲစိတ်ကုသမှုအပါအဝင် အရေးပေါ် ဆေးဝါးကုသမှုခံယူရန် လိုအပ်သည့် လူနာများကို အချိန်မီ ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ရန် ရန်ကုန်မြို့ရှိ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးအား ၂၄ နာရီ ဖွင့်လှစ်ထားကြောင်း သိရသည်။

**၂၄ နာရီ ဖွင့်ထား**

"အရေးပေါ်လူနာတွေအတွက် ဆေးရုံက ၂၄ နာရီ ဖွင့်ထားပါတယ်။ ဆေးရုံဝန်ထမ်းတွေအနေနဲ့ကတော့ ရှိတဲ့အင်အားနဲ့ လူနာတွေကို အတတ်နိုင်ဆုံး ကုသပေးနေပါတယ်။ ခွဲစိတ်တာ၊ ကလေးမွေးတာ၊ ကလေးကာကွယ်ဆေးထိုးတာ၊ ကိုဗစ်ကာကွယ်ဆေးထိုးတာတွေ လုပ်နေပါတယ်။ မွေးကင်းစကလေးတွေလည်း ပြန်လည်ကုသရေးလုပ်နေပါတယ်" ဟု မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဆေးရုံကြီးတွင် အရေးပေါ်ဌာန၊ ခွဲစိတ်ကုဌာန၊ သားဖွားနှင့် မီးယပ်ဌာန၊ ဆေးကုသဆောင်ဌာန၊ အရိုးရောဂါကုသဌာန၊ မွေးကင်းစကလေးကုသဌာန၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသဌာန၊ သွေးရောဂါကုပညာဌာန၊ ရင်ခေါင်းဆေးကုသဌာန၊ အရေပြားရောဂါဌာန၊ မေ့ဆေးပညာဌာန၊ မှုခင်းဆိုင်ရာဆေးပညာဌာန၊ မျက်စိရောဂါကုဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲနှင့် ရောဂါဗေဒဌာန၊ သွားနှင့် ခံတွင်းရောဂါကုသဌာန၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻



# ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဖြစ်လာတော့မယ့် လိုက်ပ်ဇစ်အသင်းနည်းပြ နာဂျယ်စမန်း

လက်ရှိ ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဟန်စီဖလစ်ဟာ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ်ကနေ ထွက်ခွာဖို့ ဆန္ဒရှိတယ်လို့ ပြီးခဲ့တဲ့တစ်ပတ်အတွင်းက ပြောကြားခဲ့ပြီးနောက် လိုက်ပ်ဇစ်အသင်းနည်းပြ ဂျူလီယန်နာဂျယ်စမန်းဟာ ယခုနှစ်ဘောလုံးရာသီကုန်မှာ ဘိုင်ယန်မြူးနစ်အသင်းဆီကို ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့တော့မှာဖြစ်ပါတယ်။

အသက် ၃၃ နှစ်အရွယ်သာရှိသေးတဲ့ နာဂျယ်စမန်းဟာ ဥရောပဘောလုံးလောကမှာ အသက်အငယ်ဆုံး နည်းပြတွေထဲကတစ်ဦးဖြစ်ပြီး ပြီးခဲ့တဲ့နှစ်က လိုက်ပ်ဇစ်အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

နည်းပြ နာဂျယ်စမန်းဟာ ဇူလိုင် ၁ ရက်မှာ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် စတင်တာဝန်ယူကိုင်တွယ်မှာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ နာဂျယ်စမန်းကို ခေါ်ယူဖို့အတွက် လိုက်ပ်ဇစ်အသင်းကို လျော်ကြေးငွေအဖြစ် ပေါင်သန်း ၂၀ ကျော်ပေးချေရမှာလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❂